ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 25 March 2024 ၁၁၄၁၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်မြို့ ဗုဒ္ဓသာသနသိပ္ပံကျောင်းနှင့် စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

နေပြည်တော် မတ် ၂၄

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ တို့အမှူးပြုသည့် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း ပြည်ပ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ » ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media တွေ့ဆုံမှု** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၆



**စာနာထောက်ထား မေတ္တာတရားဖြင့် ပြည်ထောင်စုသားချင်း ဝိုင်းဝန်းကူညီ (ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်)** ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# တပ်မတော်နှင့်အတူလက်တွဲ ပြည်ထောင်စုခိုင်မြဲ

တပ်မတော်သည် နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ တစ်ဖက်တွင် နက်ရှိုင်းရှုပ်ထွေးမှုများနှင့် ရောပြွမ်းနေသောနိုင်ငံရေးအခြေအနေများကို ဝင်ရောက်တာဝန်ယူရန် များစွာဝန်လေးသော်လည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မလွှဲသာမရှောင်သာဝင်ရောက်တာဝန်ယူခဲ့ရသည်။

အထူးသဖြင့် နိုင်ငံရေးဝဲဂယက်များအတွင်း ငြိတွယ်ရစ်ဝဲနေကြသော ပုဂ္ဂိုလ်များ၊ ၎င်းတို့ပယောဂများကြောင့် လွင့်မျောလိုက်ပါနေကြသော ပြည်သူများနှင့် ထိပ်တိုက်မတွေ့ဆုံလိုသော်လည်း အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများအကျိုးစီးပွားအတွက် မဖြစ်မနေပါဝင်ဆောင်ရွက်ခဲ့ရသည်။ ထို့အတူ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခမဖြစ်လိုသဖြင့် ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာနေသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားထိခိုက်နိုင်မည့်အန္တရာယ်များကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

တပ်မတော်သည် တိုင်းပြည်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေဆိုးများကို ရှင်းလင်းဖယ်ရှားခြင်းမပြုဘဲ လက်ပိုက်ကြည့်နေမည်ဆိုပါက အသက်သွေးချွေးပေါင်းမြောက်မြားစွာစွန့်လွှတ်စွန့်စားရယူခဲ့သည့် လွတ်လပ်ရေးကြီး ဆုံးရှုံးသွားနိုင်သည်သာမက တစ်တိုင်းပြည်လုံး မီးဟုန်းဟုန်းတောက်နိုင်သည့် အခြေအနေများကို လုံးဝလက်မခံနိုင်သဖြင့် နိုင်ငံတော်ကို အစဉ်အမြဲကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။ တပ်မတော်သည် ပြည်သူအတွင်းမှ ပေါက်ဖွားလာပြီး ပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် တပ်မတော်ဖြစ်သည်နှင့်အညီ သမိုင်းတစ်လျှောက်တွင် ဘေးပယောဂအမျိုးမျိုး ထိုးနှက်တိုက်ခိုက်နေသည်ကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး တိုင်းပြည်ကို အကောင်းဆုံးအခြေအနေသို့ရောက်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ ပြည်သူများ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းတို့ မရှိမဖြစ်လိုအပ်သည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ အာဏာထူထောင်လိုမှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှုလျော့နည်းလာမှုများ၊ နိုင်ငံ့အကျိုးကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားရှာဖွေမှုများ၊ နိုင်ငံ့အရင်းအမြစ်များကို ပျက်စီးအောင် ဖျက်နေမှုများရှိနေသည်။ အထူးသဖြင့် ပြည်သူများကြားတွင် သွေးကွဲအောင်ဖန်တီးပေးပြီး တိုင်းပြည်ပြိုကွဲ ပျက်စီးအောင် ကြိုးပမ်းအားထုတ်မှုများရှိနေသည်။

ထိုသို့ ရှုပ်ထွေးပွေလီ မြားမြောင်သည့် ပြဿနာများရှိနေသည့် နိုင်ငံအခြေအနေတွင် တိုင်းပြည်ကို အကောင်းဆုံးအခြေအနေသို့ရောက်အောင် ဦးဆောင်တာဝန်ယူလုပ်ကိုင်နိုင်ရန်မှာ လွယ်ကူလှသည့်အခြေအနေမဟုတ်ပေ။ တိုင်းပြည်တွင် အကြောင်းအမျိုးမျိုးဖြင့် ပြဿနာအဖုံဖုံဖြစ်ခဲ့ရသည်။ နိုင်ငံရေးသဘာရင့်ဝါရင့်ပုဂ္ဂိုလ်များ နိုင်ငံ့တာဝန်ယူစဉ် တိုင်းပြည်ပြိုကွဲပျက်စီးစေမည့် အခြေအနေများဖြစ်ပေါ်လာသဖြင့် တပ်မတော်ကို လွှဲပြောင်းတာဝန်ယူရန် တောင်းဆိုသည့်အခြေအနေများရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ရယူထမ်းဆောင်ခဲ့ရသည်။ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ရာတွင် ပြည်သူများ၏ဆန္ဒကို မျက်ကွယ်မပြုဘဲ ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မျက်ခြည်အပြတ်မခံဘဲ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလအပါအဝင် မြန်မာ့နိုင်ငံရေး ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းတစ်လျှောက်တွင် တပ်မတော်၏ တိုင်းပြည်နှင့်လူမျိုးအပေါ် ထားရှိသည့်ဆောင်ရွက်ချက်များကို အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်။ တပ်မတော်၏မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအားလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နေရသည်မှာ လွယ်ကူလှသည့် အလုပ်မဟုတ်ပေ။ မည်သည့်တပ်မတော်မှ စွမ်းဆောင်နိုင်ခြင်းမရှိသည့် တိုင်းပြည်၏ တာဝန်အရပ်ရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင်နေသည်မှာ မြန်မာ့တပ်မတော်ပင်ဖြစ်သည်။

သို့သော် တိုင်းပြည်ကို တည်ငြိမ်အေးချမ်းအောင်၊ အကောင်းဆုံးအခြေအနေရောက်အောင်၊ ပြည်သူများ၏ အကျိုးစီးပွားများကို ဆောင်ကြဉ်းပေးနိုင်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာစွာတည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်ကို တပ်မတော်တစ်ရပ်တည်းဖြင့် အောင်မြင်ခရီးရောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တပ်မတော်နှင့်အတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ် ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၂၅ ရက်မှ မတ် ၃၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အင်္ဂပူမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပြီးစီးသော လမ်း၊တံတားလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**အင်္ဂပူ မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် မတ် ၂၃ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော လမ်း၊တံတားလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းနှင့် ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းတို့က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံစစ်ဆေးရေးအရာရှိချုပ်က လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိသူ ဒေါက်တာမောင်မောင်ဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တ သုဇနပီယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

❖ **ရှေ့ဖုံးမှ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သုဇနပီယ မဟာထေရ်က သမ္ဗောဓနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်မြို့ ဗုဒ္ဓသာသနသိပ္ပံကျောင်းနှင့် စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုမန ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

**စာမျက်နှာ ၄ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ ဇေယျာသိင်္ဂီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်နီနီကျော်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

❖ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက်မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ မဟာနာယက ဘဒ္ဒန္တဝါသဝထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးမြို့ ဇေယျာသီရိအသောကကျောင်း ဆရာတော် ဘဒ္ဒန္တသိရိနန္ဒထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ ဦးအောင်ကိုဇော်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ မဟာနာယက ဘဒ္ဒန္တဝါသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်ဌေးဌေးယဉ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ နန္ဒာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသိရီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ ဇေယျသိင်္ဂီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီနှင့် မုံရွာမြို့ ဧသုဝတီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဓမ္မေသီတို့ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိသူ ဒေါက်တာ မောင်မောင်ဦး၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးမန်းစိန်နှင့် ဦးဝမ်ရှင်းရွှေတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ ဦးအောင်ကိုဇော်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ
အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်စန်းစန်းဝေနှင့် ဒေါ်နုနုငယ်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်တင်ညွှန့်၊ ဒေါ်မြဝင်းနှင့် ဒေါ်နီနီကျော်တို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်မော်မော်ညွှန့်၊ ဒေါ်ငွေငွေယဉ်နှင့် ဒေါ်ခိုင်ပြည့်စုံကြိုင်တို့ကို လည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ဆရာတော်၊ သံဃာတော် ၄၂၀ ပါး၊ သီလရှင်ဆရာကြီး ၄၀ ပါးနှင့် လူပုဂ္ဂိုလ် ၄၇ ဦးတို့ကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၀ ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၅ ပါး၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၃ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါးနှင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရရှိကြသည့် လူပုဂ္ဂိုလ် ၁၂ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့် အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံယူတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဉယျာဉ်တော်ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ငွေတောင်ပြည်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာစာရထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိသုတထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ဥတ္တမသာရစာသင်တိုက်ဆရာတော် ဘဒ္ဒန္တခမာလင်္ကာရထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ မိုင်းသောက်ပထမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မဟာဇောတိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကန်တော်မင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သီရိမင်္ဂလာကန်ဦးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကေသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media တွေ့ဆုံမှု

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီး ဇေယျာသီရိဗိမာန် သံတမန်ခန်းမ၌ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR–TASS Media မှ ရုရှား–မြန်မာ နှစ်နိုင်ငံကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်–**

**မေး။** **လေးစားရပါသော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျာ၊ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုး ကျွန်တော်တို့ ITAR–TASS Media နဲ့ အင်တာဗျူးမေးဖို့အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပထမဆုံးပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရုရှား–မြန်မာ ဆက်ဆံရေးဟာဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သမိုင်းမှာအထင်အရှားရှိခဲ့တဲ့ ဆက်ဆံရေးလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ရုရှား–မြန်မာ သံတမန်ဆက်ဆံရေးဟာ (၇၅)နှစ်ပြည့်မြောက်ပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော် ဒီဆက်ဆံရေးနဲ့ပတ်သက်ပြီး ငယ်ဘဝတုန်းက သတိရတာလေးတစ်ချက်ကို အဆွေတော်ကို တင်ပြချင်ပါတယ်။ ကျွန်တော်ငယ်ဘဝတုန်းက ဆိုဗီယက်ပြည်ထောင်စုကို မြန်မာနိုင်ငံက ဝန်ကြီးချုပ် ဦးနုလာတဲ့အချိန် ကျွန်တော်ကလေးဘဝက ပထမဦးဆုံးမြင်ဖူးခဲ့တဲ့ အနေအထားမျိုးဖြစ်ခဲ့ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အဲဒီကတည်းက ကျွန်တော်မြန်မာနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားခဲ့ပါတယ်။ အခုဆိုရင် အဆွေတော်ဝန်ကြီးချုပ်နဲ့ ကျွန်တော် အင်တာဗျူးမေးမြန်းတဲ့အဆင့်ထိ ရောက်ရှိလာပြီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ပထမဆုံး မေးချင်တဲ့မေးခွန်းကတော့ မြန်မာနဲ့ ရုရှား နှစ်နိုင်ငံကြားမှာ မည်သည့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေက အအောင်မြင်ဆုံးဖြစ်ပြီးတော့ မည်သည့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသေးလဲဆိုတာကို သိချင်ပါတယ်။**

**ဖြေ။** ရုရှားနဲ့မြန်မာနိုင်ငံနဲ့ဆက်ဆံရေးကတော့ နှစ်ပေါင်းများစွာရှိခဲ့ပြီး သမိုင်း ဟိုးရှေးကတည်းက ရှိခဲ့ပါတယ်။ နောက်ကျရင် ဒါလေးကို အထောက်အထားလေးတစ်ခု ကျွန်တော်ပြပါမယ်။ သံတမန်ဆက်သွယ်မှုကတော့ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကနေစခဲ့ပါတယ်။ အခုဆိုရင် (၇၆)နှစ်တာကာလ ကျော်လာခဲ့ပြီဖြစ်ပါတယ်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကတော့ တော်တော်လေးများပါတယ်။ လွတ်လပ်ရေးရတဲ့ခေတ်ကစပြီးတော့ ပြောမယ်ဆိုရင်တော့ နယ်ပယ်ပေါင်းစုံရှိခဲ့တာ ကျွန်တော်တွေ့တယ်။ သို့သော်လည်းပဲ ဒီဘက်နောက်ပိုင်းမှာတော့ ကာကွယ်ရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေက ပိုများလာတာကို ကျွန်တော်တို့တွေ့တယ်။ ကာကွယ်ရေးဆိုတာ နှစ်ပိုင်းရှိတာ။ တစ်ပိုင်းကတော့ တပ်မတော်ပိုင်းဆိုင်ရာနဲ့ တစ်ဖက်ကတော့ နည်းပညာနဲ့ အတတ်ပညာပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုပေါ့၊ မြန်မာ့တပ်မတော် ခေတ်မီရေးအတွက် ရုရှားနိုင်ငံက ကူညီပံ့ပိုးပေးခဲ့သလိုပဲ မြန်မာ့တပ်မတော်က အရာရှိတွေ တော်တော်များများကို ရုရှားနိုင်ငံမှာ သိပ္ပံပညာ၊ နည်းပညာ စစ်ဘက်အတတ်ပညာ ဒါတွေကိုများစွာ သင်ပေးခဲ့တာပေါ့။ ဒါနယ်ပယ်ကတော့ ဒါ အကြီးမားဆုံးဟာပါပဲ။ ဒါပေမဲ့ ဒါတွေလားဆိုတော့ မဟုတ်သေးဘူး။ ကျန်တဲ့ဟာတွေလည်း အများကြီးရှိပါတယ်။ ဥပမာ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဘက်ဆိုင်ရာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ သတ္တုတူးဖော်ရေးကဏ္ဍ စသဖြင့် ဒါတွေရှိပါတယ်။ ယခုကျွန်တော်တို့နဲ့ ဆောင်ရွက်ဆဲကိစ္စထဲမှာဆိုလို့ရှိရင် Rosatom ရုရှားနိုင်ငံရဲ့ အဏုမြူစွမ်းအင်ကွန်ပိုစာအဖွဲ့နဲ့ လုပ်နေတာကတော့ အသေးစားအဏုမြူစွမ်းအင်ဓာတ်အားပေးစက်ရုံ လုပ်ငန်းတစ်ခုရှိပါတယ်။ နောက်တစ်ခုကတော့ စိုက်ပျိုးရေးကဏ္ဍမှာ ရုရှားနည်းပညာနဲ့ ဓာတ်မြေသြဇာထုတ်လုပ်ပြီးတော့မှ မြန်မာနိုင်ငံမှာ ဓာတ်မြေသြဇာထုတ်လုပ်မယ့်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း၊ အခုလက်ရှိ ဒီရုရှား နည်းပညာနဲ့ထုတ်ယူထားတဲ့ ဓာတ်မြေသြဇာကို အသုံးပြုတဲ့အခါမှာ တော်တော် အောင်မြင်တယ်လို့ ကျွန်တော်တို့ပြောပါတယ်။ ဒါလည်း တိုးချဲ့ဆောင်ရွက်ဖို့ရှိပါတယ်။ ဒ့ါအပြင် သတ္တုတူးဖော်ရေးလုပ်ငန်း၊ လေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ အခြားဆိုလာနဲ့ပတ်သက်တဲ့ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်း စသဖြင့် နယ်ပယ်များစွာရှိတယ်။ ဒါတွေ ကျွန်တော်တို့ဆက်လက်လုပ်ဖို့လည်း အစီအစဉ်ရှိကြောင်း အဆွေတော်ကို ကျွန်တော် ပြောလိုပါတယ်။



**❛ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းက အဲဒီတုန်းက UEC ကနေကြေညာခဲ့တဲ့ မဲစာရင်းက ၃၈ သန်းကျော်ရှိပါတယ်။ မဲမသမာမှုကို ပြန်လည်စစ်ဆေးဖော်ထုတ်တဲ့အခါမှာ ၁၁ ဒသမ ၃ သန်းထိ မဲမသမာမှု လုပ်ခဲ့တာတွေ့ရတယ်။ ဆိုလိုတာကတော့ ၃၀ ရာခိုင်နှုန်းနီးပါးလောက် မဲမသမာမှုလုပ်တယ်ပေါ့။ တော်တော်ကြီးမားတဲ့ မဲမသမာမှုလုပ်ငန်း ဖြစ်ပါတယ်။ တစ်နေရာတည်းလား၊ နေရာအနည်းငယ်ပဲဖြစ်တာလားဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ရွေးကောက်ပွဲ ပြုလုပ်ခဲ့တဲ့ ၃၁၅ မြို့နယ်စလုံးမှာ ရာဂဏန်းကနေ သိန်းဂဏန်းအထိ မဲလွဲမှားမှုတွေဖြစ်ပါတယ်။ နိုင်ငံရေးအရ ရိုးရိုးသားသားပြောတာပါ။ မဲမသမာမှုလုပ်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ ပြောပါတယ်။❜**

**မေး။** **လေးစားရပါသော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျာ၊ အဆွေတော်အနေနဲ့ အစိုးရအဖွဲ့ အကြီးအကဲအဖြစ်တာဝန်ယူပြီး သတ်မှတ်လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ရာမှာ ပြီးမြောက်ပြီးဖြစ်တဲ့လုပ်ငန်းစဉ်တွေနဲ့ မကြာမီဆောင်ရွက်မယ့် လုပ်ငန်းတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ကျွန်တော်တို့ စတာဝန်ယူတဲ့ အချိန်တုန်းကတော့ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုလုပ်ခဲ့တဲ့အတွက်ကြောင့် ဒီအပေါ်မှာ ဖြေရှင်းဖို့ ဆောင်ရွက်နိုင်ပေမယ့်လည်း အဓမ္မနည်းနဲ့ အာဏာယူဖို့ကြိုးစားလာတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီးတော့မှ တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ စပြီးရှင်းရမယ့်ပြဿနာက မဲမသမာမှုကိစ္စကို စပြီးဖြေရှင်းရမယ့်ကိစ္စဖြစ်ပါတယ်။

အဲဒီတော့ မဲမသမာမှုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ စိစစ်တဲ့အခါကျတော့ UEC ကို အသစ်ပြန်လည်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီးတော့ UEC ကနေပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပေါ့ ကျွန်တော်တို့ပြန်လည်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီး စစ်စေတဲ့အခါမှာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတုန်းက အဲဒီတုန်းက UEC ကနေ ကြေညာခဲ့တဲ့ မဲစာရင်းက ၃၈ သန်းကျော်ရှိပါတယ်။ မဲမသမာမှုကို ပြန်လည်စစ်ဆေးဖော်ထုတ်တဲ့အခါမှာ ၁၁ ဒသမ ၃ သန်းထိ မဲမသမာမှု လုပ်ခဲ့တာတွေ့ရတယ်။ ဆိုလိုတာကတော့ ၃၀ ရာခိုင်နှုန်းနီးပါးလောက် မဲ မသမာမှုလုပ်တယ်ပေါ့။ တော်တော်ကြီးမားတဲ့ မဲမသမာမှု လုပ်ငန်း ဖြစ်ပါတယ်။ တစ်နေရာတည်းလား၊ နေရာအနည်းငယ်ပဲဖြစ်တာလားဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ရွေးကောက်ပွဲ ပြုလုပ်ခဲ့တဲ့ ၃၁၅ မြို့နယ်စလုံးမှာ ရာဂဏန်းကနေ သိန်းဂဏန်းအထိ မဲလွဲမှားမှုတွေဖြစ်ပါတယ်။ နိုင်ငံရေးအရ ရိုးရိုးသားသားပြောတာပါ။ မဲမသမာမှုလုပ်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ ပြောပါတယ်။ ဒါက တော်တော် အကျည်းတန် အရုပ်ဆိုးခဲ့တဲ့ကိစ္စ။ ဒါကိုဖော်ထုတ်ပြီး တွေ့ရှိတဲ့အခါမှာ တာဝန်ရှိတဲ့သူအားလုံးကို ကျွန်တော်အရေးယူခဲ့တာ ပထမဦးဆုံး စလုပ်ခဲ့ပါတယ်။

အဲဒီတော့ အဆွေတော်လည်း သိပြီးတဲ့အတိုင်းပဲ ပြီးခဲ့တဲ့ အဲဒီကာလတုန်းက ကျွန်တော်တို့က ကိုဗစ်–၁၉ ဖြစ်လာတဲ့ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံလည်း Second Wave ဖြစ်နေတဲ့အချိန်ဖြစ်ပါတယ်။ တော်တော်လေး ပြင်းပြင်းထန်ထန် ဖြစ်ခဲ့ပြီး လူပေါင်း ၆ သိန်းကျော်လောက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါ ကူးစက်မှုခံခဲ့ရပါတယ်။ တော်တော်များများလည်း သေခဲ့ပါတယ်။ ကျွန်တော်တို့ ကိုဗစ်ရောဂါ ကာကွယ်ရေးအတွက် သေချာကျွန်တော်ဦးဆောင်ပြီး ဒီဟာကို လုပ်ခဲ့တာဖြစ်ပါတယ်။ တိုက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း အခက်အခဲတွေ အများကြီးကြုံခဲ့ပါတယ်။ (၁)အချက်ကတော့ ကုသဆေးပေါ့။ ကာကွယ်ဆေးတွေ ကျွန်တော့်မှာမရှိဘူး။ အောက်စီဂျင်တွေမရှိဘူး။ ဒါကိုလည်း အိမ်နီးနားချင်း မိတ်ဆွေနိုင်ငံတွေက ကူညီပေးတာ။ အဆွေတော်တို့ ရုရှားနိုင်ငံ အပါအဝင် မိတ်ဆွေနိုင်ငံတွေကနေပြီးတော့ ကာကွယ်ဆေးတွေ ကျွန်တော်တို့ကို ကူညီပေးတာတွေရှိပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေ အသက်ပေါင်းများစွာ ကူညီပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့ ကိုဗစ်ရောဂါ Third Wave အထိဖြစ်ခဲ့ပေမယ့်လည်း ကျွန်တော် လျင်မြန်စွာ ထိန်းချုပ်နိုင်တဲ့အတွက်ကြောင့် ဒီဟာကိုလည်း ကျွန်တော် ကျော်လွှားနိုင်ပြီလို့ ပြောလို့ရပါတယ်။ ဒါ ဒုတိယဆောင်ရွက်ခဲ့တဲ့အချက် ဖြစ်ပါတယ်။

တတိယအချက်ပေါ့။ အဲဒါကတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒီကိုဗစ်ရောဂါဖြစ်တာနဲ့အတူတူပဲ တစ်ကမ္ဘာလုံးမှာဖြစ်တဲ့ဟာတစ်ခုကတော့ စီးပွားရေး ကျဆင်းမှုပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံလည်း စီးပွားရေးကျဆင်းမှုဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကိုဗစ်ရောဂါကြောင့်ဖြစ်တာပဲ မဟုတ်ဘဲနဲ့ ၂၀၁၈ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံရဲ့ စီးပွားရေး စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ကျဆင်းခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ စီးပွားရေးပြန်လည်နာလန်ထူမှုဖြစ်အောင် အားသွန်ခွန်စိုက်ကြိုးစားခဲ့တဲ့အတွက် ကျွန်တော်တို့ စီးပွားရေး နာလန်ထူတာလည်းရှိပါတယ်။ ဒီအတွက်လည်း တော်တော်လေး ကျွန်တော်တို့ ရုန်းကန်ခဲ့ရတာရှိပါတယ်။ ၂၀၂၁–၂၀၂၂–၂၀၂၃ တောက်လျှောက်ကိုစီးပွားရေးပြန်လည်ဦးမော့လာတဲ့ အခြေအနေတော့ ကျွန်တော်တို့ရရှိခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းရေးမှာလည်း နှစ်ခုရှိတာပေါ့။ တစ်ခုကတော့ ဒီအရေးပေါ်ကာလ ဖြစ်ပြီးတဲ့အချိန်မှာလည်း သဘောထားကွဲလွဲတဲ့သူတွေကတော့ ဆူပူမှုတွေ၊ ဆန္ဒပြမှုတွေလုပ်ခဲ့တာ တစ်ပိုင်းရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ တည်ငြိမ်အောင်ကြိုးစားရတာပေါ့။ နောက်တစ်ခုကတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကတည်းက ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေနဲ့ စခဲ့တာဖြစ်ပါတယ်။ အခုချိန်အထိ ကျွန်တော်တို့ ဖြစ်နေတုန်းပါ။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး ပျက်ယွင်းမှုအခြေအနေတစ်ခုကို ကျွန်တော်တို့ ပြန်ပြီးတော့ လုပ်ရတာရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်က ကျွန်တော်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ သဘောတူညီချက်တစ်ခု ကျွန်တော်တို့ ရခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ❍

○ စာမျက်နှာ ၆ မှ

အဲဒါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပါတယ်။ ဒါကို လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ ဒီပေါ်မှာ ကျွန်တော်တို့ရအောင် ထိန်းသိမ်းခဲ့တာ ဆောင်ရွက်ခဲ့တာရှိပါတယ်။ အခုထိ ကျွန်တော်တို့ ဒါကိုပဲထိန်းသိမ်းပြီး ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနည်းပါးခြင်းဟာ ဒီတည်ငြိမ်အေးချမ်းမှု မရှိတဲ့အတွက်ကြောင့်ဖြစ်တယ်ဆိုတာတော့ အရင်းခံအကြောင်းအရင်းဖြစ်ပါတယ်။ ဒါကြောင့်တည်ငြိမ်မှုရအောင်လည်း ကျွန်တော်ကြိုးစားဆောင်ရွက်ခဲ့ရတာရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတက်လာခြင်းဟာ မဲမသမာမှုကြောင့်ဖြစ်လာတဲ့ အကျိုးဆက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီရွေးကောက်ပွဲပေ့ါလေ၊ ရွေးကောက်ပွဲ မဲမသမာမှုကနေဖြစ်လာတဲ့ အကျိုးဆက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲတစ်ခု ပြန်လည်ကျင်းပရေးကတော့ ကျွန်တော်တို့ရဲ့ နောက်ဆုံးရည်မှန်းချက်ဖြစ်ပါတယ်။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပြီးသွားပြီဆိုတာနဲ့ ရွေးကောက်ပွဲ ကျွန်တော်တို့ ပြန်လုပ်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီအရေးပေါ်ကာလတွေပြီးလို့ရှိရင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကျွန်တော်တို့က အာဏာပြန်လွှဲမယ်။ ပြန်လွှဲပြီးတော့ အဲဒီရဲ့ ဦးဆောင်မှုနဲ့ (၆)လအတွင်းမှာ ကျွန်တော်တို့ ရွေးကောက်ပွဲ ပြန်လုပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီရွေးကောက်ပွဲလုပ်နိုင်ဖို့ဆိုရင် မဲစာရင်းတွေ မှားယွင်းမှုကြောင့်ဖြစ်လာတဲ့အတွက်ကြောင့် မဲစာရင်းမှန်ကန်ရေးကိုလည်း ကျွန်တော်တို့က အဓိကထားလုပ်ရမှာ၊ မဲစာရင်းမှန်ကန်ရေးကလည်း ဒီနှစ်ထဲမှာ

**❛ ရုရှားနိုင်ငံနဲ့ပတ်သက်ရင်လည်း ရုရှားခရီးသွားတွေ လာနိုင်ဖို့အတွက် ဒီဘက်မှာလည်း ကျွန်တော်တို့ ပြင်ဆင်မှုတွေအများကြီး လုပ်ထားတာတွေရှိတယ်။ ဥပမာအားဖြင့် ဗီဇာကင်းလွတ်ခွင့်တွေပေးထားတာ ကျွန်တော်တို့ရှိတယ်။ နောက် လေယာဉ်တွေ တိုက်ရိုက်စီးနိုင်အောင် ရန်ကုန်-မန္တလေး-နေပြည်တော်တင်မကဘူး။ တခြားနေရာတွေမှာ ရုရှားကလာတဲ့ ခရီးသွားလေယာဉ်တွေ တိုက်ရိုက်ဆင်းလို့ရအောင် လေယာဉ်ကွင်းတွေပြင်ဆင်တာတို့၊ ခရီးသွားလုပ်ငန်းတွေ၊ လမ်းတွေ ကျွန်တော်တို့ ပြင်ဆင်ပေးတာတို့ ဒါလည်း ကျွန်တော်လုပ်ထားတာရှိပါတယ်။ မြန်မာနိုင်ငံမှာ လေ့လာစရာနေရာတွေတော့ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းကနေ မြောက်ပိုင်းအထိ လေ့လာစရာနေရာတွေ အများကြီးရှိပါတယ်။ ❜**

အတတ်နိုင်ဆုံး ကျွန်တော်တို့လုပ်ပါမယ်။ ပြည့်စုံပြီးလို့ရှိရင် တိုင်းပြည်တည်ငြိမ်မှု ကောင်းပြီဆိုတာနဲ့ လုပ်နိုင်တဲ့အပိုင်းလိုက်ပေ့ါ။ တစ်ပြိုင်နက်တည်း မဟုတ်တောင်မှ လုပ်နိုင်တဲ့အပိုင်းလိုက်ကို ဥပဒေနဲ့အညီ ကျွန်တော်တို့ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားဖို့ ရှိပါတယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။

**မေး။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံကို အကြိမ်ပေါင်း မြောက်မြားစွာရောက်ရှိခဲ့တယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ရောက်ရှိတဲ့အချိန်မှာလည်း အဆွေတော်အနေနဲ့ ရုရှားနိုင်ငံရဲ့ အထင်ကရနေရာတွေကိုလည်း သွားရောက်လေ့လာခဲ့တယ်လို့သိရှိရပါတယ်၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ အဆွေတော်အနေနဲ့ ရုရှားနိုင်ငံအပေါ်မှာ ဘယ်လိုမျိုးမြင်ပါသလဲ၊ ရုရှားနိုင်ငံနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံက အလှမ်းတော့ ဝေးပေမယ့်လည်း စိတ်ချင်းနီးတဲ့နိုင်ငံတွေဖြစ်တာပေ့ါ။ နောက်ခံအကြောင်းအရာတွေလည်း တူခဲ့တဲ့နိုင်ငံတွေဖြစ်တယ်။ ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး ပြောရလို့ရှိရင်တော့ အရင်ဆိုဗီယက်ပေါ့။ ဆိုဗီယက်ခေတ်တုန်းကလည်း ရုရှားက ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုအနေနဲ့ ကမ္ဘာမှာ ကမ္ဘာရဲ့အင်အား Balanceဖြစ်အောင် ထိန်းနိုင်ခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ နောက်တစ်ခါ နောက်ပိုင်းမှာတော့ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးတော့မှ ရုရှားနိုင်ငံ တော်တော်ရုန်းကန်ခဲ့ ရတာရှိပါတယ်။ အဲဒီမှာတော့ ရုရှားပြည်သူတွေရဲ့စိတ်ဓာတ်ပေ့ါ။ နောက် အစိုးရရဲ့ဦးဆောင်မှုပေ့ါ။ တပ်မတော်ရဲ့ ပူးပေါင်းဆောင်ရွက်မှုပေ့ါ။ ဒါတွေနဲ့ ရုရှားနိုင်ငံ လက်ရှိအခြေအနေမှာလည်း ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရှိနေတာဖြစ်ပါတယ်။ နောက် ကမ္ဘာရဲ့ဟန်ချက်တစ်ခုကို ထိန်းထားနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်။ ကျွန်တော်မြင်ရတဲ့ မြင်ကွင်းတွေ ကြည့်ရလို့ရှိရင် ရုရှားနိုင်ငံက တိုးတက်မှုရှိတဲ့ နိုင်ငံတစ်ခုပါ။ ရုရှားနိုင်ငံ ထူးခြားချက်က မြောက်ပိုင်းမှာရှိပြီးတော့ ရာသီဥတုအေးမြတဲ့ ဒေသတွေမှာရှိတဲ့ တိုင်းပြည်တစ်ခု ဖြစ်တယ်။ နောက်ကမ္ဘာ့အရှေ့နဲ့ အနောက်နဲ့ တည်ရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံဟာ ကမ္ဘာမှာ ဒီသဘာဝ အနေအထားအရလည်း အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်တော့ ရှုမြင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ရုရှားနိုင်ငံဟာ ကမ္ဘာရဲ့ အရေးပါတဲ့ကဏ္ဍတွေမှာလည်း ရှိနေလိမ့်ဦးမယ်ဆိုတာ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်ပါတယ်။

**မေး။ အခုလိုမျိုး ရုရှားနိုင်ငံနဲ့ပတ်သက်ပြီးတော့ ပြောပြလာတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း မြန်မာနိုင်ငံကို အကြိမ်ပေါင်းမြောက်မြားစွာ ရောက်ဖူးပါတယ်။ မြန်မာနိုင်ငံကလည်း အလွန်ကိုသာယာလှပတဲ့နိုင်ငံတစ်ခုဖြစ်တဲ့ အပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားတွေက ပြီးခဲ့တဲ့နှစ်ကဆိုရင် ၁ သန်းကျော် ဝင်ရောက်တယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ မြန်မာနိုင်ငံကို အထူးသဖြင့် ရုရှားနိုင်ငံက ခရီးသွားတွေ အများဆုံးလာရောက်ဖို့အတွက်နဲ့ ပြီးလို့ရှိရင် ရုရှားနိုင်ငံသားခရီးသွားတွေ မြန်မာနိုင်ငံရဲ့ အလှအပတွေနဲ့ သဘာဝအလှတရားတွေကို ထိတွေ့ခံစားနိုင်ဖို့အတွက် ဘာတွေလုပ်သင့်လဲ၊ ဘယ်လိုအစီအမံတွေ လုပ်သင့်တယ်လို့ ထင်ပါသလဲ၊ အကြမ်းဖျင်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကတော့ နိုင်ငံတကာက နိုင်ငံတိုင်း၊ နိုင်ငံတိုင်း စိတ်ဝင်စားတဲ့လုပ်ငန်းရပ်ဖြစ်ပါတယ်။ သူကလည်း အဓိက ဝင်ငွေရတဲ့ လုပ်ငန်းတစ်ခုဖြစ်တာကိုး။ မြန်မာနိုင်ငံမှာလည်း ထိုက်သင့်တဲ့ ကမ္ဘာလှည့်ခရီးသွားတွေ လာကြပါတယ်။ သို့သော်လည်းပဲ တိုင်းပြည်ရဲ့ အခြေအနေအရပေ့ါလေ နိုင်ငံရေးအခြေအနေလည်း ပါပါတယ်။ နိုင်ငံရေးအခြေအနေလုပ်တဲ့အခါမှာ လာသင့်လာထိုက်တဲ့ ပမာဏအထိ မရခဲ့တာကို ကျွန်တော်တို့ တွေ့ပါတယ်။ ရုရှားနိုင်ငံနဲ့ ပတ်သက်ရင်လည်း ရုရှားခရီးသွားတွေ လာနိုင်ဖို့အတွက် ဒီဘက်မှာလည်း ကျွန်တော်တို့ ပြင်ဆင်မှုတွေအများကြီး လုပ်ထားတာတွေရှိတယ်။ ဥပမာအားဖြင့် ဗီဇာကင်းလွတ်ခွင့်တွေပေးထားတာ ကျွန်တော်တို့ရှိတယ်။ နောက် လေယာဉ်တွေ တိုက်ရိုက်စီးနိုင်အောင် ရန်ကုန်-မန္တလေး-နေပြည်တော်တင်မကဘူး။ တခြားနေရာတွေမှာ ရုရှားကလာတဲ့ ခရီးသွားလေယာဉ်တွေ တိုက်ရိုက်ဆင်းလို့ရအောင် လေယာဉ်ကွင်းတွေပြင်ဆင်တာတို့၊ ခရီးသွားလုပ်ငန်းတွေ၊ လမ်းတွေ ကျွန်တော်တို့ ပြင်ဆင်ပေးတာတို့ ဒါလည်း ကျွန်တော်လုပ်ထားတာရှိပါတယ်။ မြန်မာနိုင်ငံမှာ လေ့လာစရာနေရာတွေတော့ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းကနေ မြောက်ပိုင်းအထိ လေ့လာစရာနေရာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ပြောရမယ်ဆိုလို့ရှိရင်တော့ မတူညီတဲ့ အသွင်အပြင်လက္ခဏာတွေ၊ ယဉ်ကျေးမှုတွေ၊ သဘာဝအလှတရားတွေပေ့ါ။ ဒါတွေ ကျွန်တော်တို့ အများကြီးရှိပါတယ်။ ဒါတွေကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ရဲ့အားသာချက်တစ်ခုက ဘာလဲဆိုတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ရုရှားနိုင်ငံမှာ သွားရောက်ပညာသင်ခဲ့တဲ့မြန်မာ ကျွန်တော်တို့အရာရှိတွေ အများကြီးရှိပါတယ်။ သူတို့ကနေ ပြန့်ပွားလာတဲ့ အသိတွေ၊ အသိတွေက ရုရှားနိုင်ငံပေါ်မှာ ယုံကြည်မှု၊ ခင်တွယ်မှုပေ့ါ။ ဒါတွေလည်း အများကြီးရှိတာပေ့ါ။ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး နားလည်တဲ့သူတွေတော်တော်များများရှိတဲ့အတွက်ကြောင့် ဒါတွေကမြန်မာနိုင်ငံနဲ့ ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးမှာလည်း များစွာအထောက်အကူပြုမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ တစ်ဖက်ကလည်း ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်လည်း ရုရှားခရီးသွားအဖွဲ့နဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေလည်း ကျွန်တော်တို့လုပ်နေသလို မြန်မာနိုင်ငံကနေပြီးတော့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကနေ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံကို တစ်ပတ်ကို နှစ်ကြိမ် ကျွန်တော်တို့ ခရီးသွားလုပ်ငန်းလေယာဉ်ခရီးစဉ် ဆွဲနေတာရှိပါတယ်။ ခရီးသွားလုပ်ငန်းတွေများလာတာနဲ့အမျှ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

**မေး။ ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ ရန်ကုန်-မန္တလေး-နေပြည်တော်နဲ့ တခြားနေရာတွေက မြို့တွေရောက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို မေးချင်တာက ရုရှားနိုင်ငံက နိုင်ငံခြားခရီးသွားတွေအတွက် မြန်မာနိုင်ငံရဲ့ ဘယ်နေရာတွေကို သွားရောက်လည်ပတ်သင့်တယ်ဆိုတာကို အကြံပြုပေးစေလိုပါတယ်။**

**ဖြေ။** ကျွန်တော် အခုနပြောတာပေ့ါနော်။ မြန်မာနိုင်ငံရဲ့ တောင်ဘက်ကနေပြီးတော့ မြောက်ဘက်အထိ ကျွန်တော်တို့ကြည့်မယ်ဆိုရင် မတူညီတဲ့ဒေသတွေ၊ အသွင်အပြင်လက္ခဏာတွေအများကြီးရှိတယ်။ တောင်ဘက်ဆိုရင် ပင်လယ်ကမ်းရိုးတန်းဒေသတွေ များစွာရှိတယ်။ အဲဒီမှာ ထင်ရှားတာကတော့ ငပလီတို့၊ ရောဝတီတိုင်းမှာရှိတယ်ပေ့ါနော်။ ပင်လယ်ကမ်းခြေတွေရှိပါတယ်၊ နောက်တစ်ခုကတော့ မြန်မာပြည်ဟာ အလယ်ပိုင်းသွားလို့ရှိရင်တော့ ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ ရှေးဟောင်းမြို့တော်တွေ၊ စေတီပုထိုးတွေလည်းများစွာရှိတယ်။ မြောက်ပိုင်းတက်သွားရင်တော့ မြင့်မားတဲ့တောင်တန်းကြီးတွေ၊ အေးမြတဲ့ရာသီဥတုတွေနဲ့ ကျွန်တော်တို့တွေ့ရတာတွေရှိတယ်။ ဒါကတော့ မြေအနေအထားအရတွေ့ရတဲ့အနေအထားမျိုးပေ့ါ။ ယဉ်ကျေးမှုနဲ့ပတ်သက်တာတွေ၊ ကျွန်တော်တို့ရာသီဥတုနဲ့ပတ်သက်တာတွေ၊ ကွဲပြားခြားနားမှုတွေများစွာရှိတယ်။ ကျွန်တော်တို့ ဒါလေးရှိတယ်။ ဥပမာအားဖြင့် တောင်ပိုင်းမှာဆိုရင် မိုးများတာပေ့ါ။ အလယ်ပိုင်းဆိုနေတော်တော်လေးပူတယ်။ မြောက်ပိုင်းဆိုရင်တော့ အေးမြတဲ့ရာသီဥတုရှိတယ်။ နောက်တစ်ခါ အဲဒီဒေသတွေမှာပဲ ဥပမာအားဖြင့် အင်းလေးကန်လိုဟာမျိုး ယဉ်ကျေးမှုအမွေအနှစ်တွေ ကျွန်တော်တို့ရှိတယ်။ ကမ္ဘာမှာရှားပါးတဲ့ဟာ အဲဒီနေရာမှာဆိုလို့ရှိရင် ကျွန်တော်တို့က ခြေထောက်နဲ့ လှေကိုလှော်တဲ့ဟာပေ့ါ။ ကမ္ဘာမှာတစ်နေရာပဲရှိတယ်။ အင်းလေးကန်မှာ ကျွန်တော်တို့ရှိတယ်။ ဒါပေမဲ့ လေ့လာမယ်ဆိုရင် ကြည့်လို့ရတာတွေ ကျွန်တော်တို့ရှိပါတယ်။ စောစောက အဆွေတော်ပြောတဲ့ ရန်ကုန်တို့၊ နေပြည်တော်တို့ ဒီမှာလည်း အထင်ကရ ထင်ရှားတဲ့ ဘုရားကြီးတွေရှိသလို အခုနေပြည်တော်မှာ နောက်ဆုံးတည်ခဲ့တဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရှိတယ်။ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ကျောက်ဆစ်ရုပ်ပွားတော်ကြီးဖြစ်ပါတယ်။ အလေးချိန်အကြီးမားဆုံး စံချိန်ချိုးထားတဲ့ဟာပေ့ါ။ ဒါတွေက ရုရှားနိုင်ငံက ခရီးသွားလာချင်တဲ့ဧည့်သည်များလာပြီး ကြည့်ရှုမယ်ဆိုရင်လည်း လေ့လာဖွယ်ရာကောင်းတဲ့နေရာတစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး။ မြန်မာနိုင်ငံတောင်ပိုင်းနဲ့ ပတ်သက်လို့ ပြောသွားတာ ကျွန်တော်ကြားသိရပါတယ်၊ အဲဒီနေရာမှာ အဆွေတော်ရဲ့မွေးရပ်မြေ ထားဝယ်မြို့ရှိတယ်လို့ သိရှိရပါတယ်။ ထားဝယ်မြို့အနေနဲ့ ဘယ်လိုမျိုး ထူးခြားမှုမျိုးရှိပါသလဲ၊ ဘယ်လိုမျိုးလှပမှုမျိုးရှိပါသလဲ။**

စာမျက်နှာ ၈ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားနိုင်ငံ ITAR–TASS Media က အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

○ စာမျက်နှာ ၇ မှ

ဖြေ။ တောင်ပိုင်းဒေသမှာပေါ့၊ တောင်ပိုင်းဒေသမှာတော့ ကျွန်းတွေအများကြီးရှိတယ်။ ကျွန်းတွေရဲ့သဘာဝအလှတွေ၊ ရေအောက်သဘာဝအလှတွေ အများကြီးရှိပါတယ်။ အဲဒါတွေကြည့်မယ်ဆို ကျွန်တော်တို့ ကြည့်လို့ရပါတယ်။ နောက်ပင်လယ်ကမ်းခြေပေါ့၊ ထားဝယ်ဒေသမှာဆို မောင်းမကန်ပင်လယ်ကမ်းခြေက နာမည်ကြီးပါတယ်။ နောက်တစ်ခါ အနာဂတ်အတွက် အမြော်အမြင်ရှိတာကတော့ ဘာလဲဆိုတော့ Deep Sea Port ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခု လုပ်လို့ရတဲ့ အနေအထားရှိတယ်။ အဲဒါကတော့ တန်ချိန်နှစ်သိန်းနဲ့အထက် သင်္ဘောတွေ၊ ကျွန်တော်တို့ ရပ်နိုင်တဲ့ ဆိပ်ကမ်းတစ်ခု ကျွန်တော်တို့ လုပ်နေတာရှိပါတယ်။ အဲဒါလည်း ရုရှားနိုင်ငံနဲ့ ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ တောင်ပိုင်းဒေသမှာ တွေ့ရတာ၊ တစ်အချက်ကတော့ ကျွန်တော်တို့မှာ ကျွန်းတွေရှိတယ်။ နောက်တစ်ခါ ပင်လယ်ကမ်းခြေရှိတယ်။ နောက် အဲဒီမှာလည်း ပုလဲထုတ်လုပ်မှုလုပ်ငန်းတွေရှိတယ်။ ကမ္ဘာမှာ အကောင်းဆုံးဆိုတဲ့ပုလဲတွေ အဲဒီဒေသမှာထွက်တယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျွန်တော်တို့ ဒီပုလဲရောင်းချပွဲတွေ ကျွန်တော်တို့ လုပ်ပါတယ်။ ကမ္ဘာမှာ အကောင်းဆုံး ကျွန်တော်ပြောလို့ပြောတာမဟုတ်ဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံကထွက်တဲ့ပုလဲကတော့ ကမ္ဘာမှာ အကောင်းဆုံးအဆင့်ရှိတဲ့ ပုလဲတွေ၊ သဘာဝပုလဲပေါ့။ မွေးပုလဲတွေ ကျွန်တော်တို့ရှိပါတယ်။ နောက်တစ်ခါ ရေအောက်သယံဇာတလုပ်ငန်းတွေအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကြည့်စရာတွေ အများကြီးရှိတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ခင်ဗျားကိုလည်း ကျွန်တော် Documentary တစ်ခု ကျွန်တော် ပေးလိုက်ပါမယ်။

**မေး။ အခုလိုမျိုး အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် အချိန်တွေအများကြီးပေးပြီးတော့ နိုင်ငံရဲ့တာဝန်တွေကို ထမ်းဆောင်နေရတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း လူတိုင်းမှာတော့ အားလပ်ချိန်ဆိုတာ ရှိရမယ်လို့ ယုံကြည်ပါတယ်။ ခုနကကျွန်တော်တို့ ဝင်ရောက်တွေ့ဆုံနှုတ်ဆက်စဉ် ကျွန်တော့်ကို လက်ဆွဲတဲ့အချိန်မှာ အဆွေတော်ရဲ့အင်အားသန်မာမှုကို ကျွန်တော်ခံစားမိပါတယ်။ နောက်ပြီးတော့ အဆွေတော်ရဲ့ အားကစားဝတ်စုံနဲ့ ဓာတ်ပုံတွေလည်း ကျွန်တော်မြင်ဖူးပါတယ်။ ဒါကြောင့် ကျွန်တော်သိချင်တာက အဆွေတော်အနေနဲ့ အားလပ်ချိန်တွေမှာ ဘယ်လိုမျိုးအကျိုးရှိအောင် အသုံးချလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရော၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရော တာဝန်ယူထားတဲ့အတွက်ကြောင့် အားလပ်ချိန်တော့ ကျွန်တော် နည်းတာတော့ အမှန်ပါပဲ။ သို့သော်လည်းပဲ ကျွန်တော် ကျန်းမာရေးတော့ ဂရုစိုက်ရတာပေါ့။ နေ့စဉ်နဲ့ဆိုရင်တော့ မနက်ပိုင်း ကျွန်တော် လမ်းလျှောက်တာ ကျွန်တော် လုပ်ပါတယ်။ အချိန်ပေးနိုင်တယ်ဆိုရင် ကျွန်တော် စနေ၊ တနင်္ဂနွေဆိုရင် ဂေါက်ရိုက်တယ်၊ ဂေါက်လည်း ကစားပါတယ်။ နောက်တစ်ခါ ကျွန်တော် စာဖတ်တာပေါ့။ စာဖတ်တယ်၊ ရတဲ့အချိန်လေးမှာ အကြောင်းအရာတစ်ခုရရ၊ နှစ်ခုရရ ကျွန်တော်ကြိုးစားပြီးတော့ ဖတ်ပါတယ်။ ၁၀ မိနစ်၊ ၁၅ မိနစ်၊ နာရီဝက် စသည်ဖြင့် ဒီလိုအချိန်လေးတွေယူပါတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ ကြည့်သင့်ကြည့်ထိုက်တဲ့ လေ့လာသင့်တဲ့ဟာတွေ ကျွန်တော်ကြည့်ပြီး မှတ်ချက်တွေ မှတ်တာပေါ့။ အဲဒါတွေနဲ့ ကျွန်တော့်ရဲ့ အသိပညာရအောင်လည်း ကြိုးစားတာတွေရှိပါတယ်။ ခုနက အားကစားမှာ လမ်းလျှောက်တာတို့၊ ဂေါက်ရိုက်တာတို့ ကျွန်တော်လုပ်ပါတယ်။ စိတ်လက်လန်းဆန်းမှု ကျွန်တော်တို့ဖြစ်တာပေါ့။ နေ့စဉ်နဲ့အမျှတော့ ကျွန်တော် တတ်နိုင်သလောက် ကြိုးစားလုပ်ပါတယ်။ နောက်တစ်ခုကတော့ ရတဲ့အချိန်လေးမှာ မိသားစုနဲ့ ရအောင်တွေ့ဆုံပြီးတော့မှ နွေးထွေးတဲ့ဆက်ဆံမှုရအောင် အမြဲတမ်းကြိုးစားတယ်။

**မေး။ အဆွေတော်အနေနဲ့ ဒါမိသားစုနဲ့ နွေးနွေးထွေးထွေး အချိန်ပေးဆက်ဆံတယ်ဆိုတဲ့ အကြောင်းကိုသိရပြီးတဲ့နောက်မှာ ကျွန်တော်တို့ နောက်ထပ်မေးခွန်းကတော့ အဆွေတော်ဟာ ခင်ပွန်းကောင်းတစ်ယောက်လည်းဖြစ်သလို ဖခင်ကောင်းတစ်ယောက်လည်း ဖြစ်တယ်လို့ သိရှိရပါတယ်။ မိမိရဲ့သားသမီးကို အဆွေတော်အနေနဲ့ ဘဝမှာ ဘယ်လိုသင်ခန်းစာတွေက အရေးကြီးလဲ၊ ဘယ်ဟာမျိုးတွေကို လက်ဆင့်ကမ်းအမွေပေးမလဲဆိုတာလေးကို အကျဉ်းချုံးရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ အရေးကြီးတာကတော့ ကလေးတွေ၊ မိသားစုတွေကိုပေါ့။ သားသမီးတွေကတော့ အသိပညာ၊ အတတ်ပညာရှိပြီးတော့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်တဲ့လူတွေဖြစ်ဖို့ လိုတယ်။ ဒါသူ့ရဲ့ တစ်ဦးချင်းရဲ့ ကာရိုက်တာပေါ့။ နောက်တစ်ခုကတော့ စိတ်နေစိတ်ထားတွေပေါ့။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်။ မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားပေါ့။ ဒါလေး ကျွန်တော်တို့ ပြောကြတာပေါ့။ မကောင်းတဲ့ဟာတွေမလုပ်နဲ့ ကောင်းတဲ့ဟာတွေလုပ်ပေါ့။ စိတ်ကို သန့်သန့်ရှင်းရှင်းထားပေါ့။ ဒါတွေ မိသားစုမှာ အမြဲတမ်းရှိအောင် ကျွန်တော့ သားသမီးတွေပေါ့။ ဒါတွေ အမြဲတမ်းဆုံးမပေးတာလည်းရှိပါတယ်။ သူတို့ကတော့ ကျွန်တော်က နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက်ကြောင့်၊ တပ်မတော်သားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က နယ်တွေသွားနေရတာတွေ ရှိတာပေါ့။ အပြင်သွားနေရတာရှိတာပေါ့။ မိသားစုနဲ့ အနီးကပ်နေဖို့ဆိုတာ အချိန်ကတော့ သိပ်တော့မရှိခဲ့ဘူး။ သူတို့ကတော့ ကိုယ့်ပညာကိုယ်ကြိုးစား၊ သို့သော် အမေကနေ ထိန်းပေးထားတာဆိုတော့ အမေက ထိန်းပေးထားတာရှိတယ်။ နောက်တစ်ခုကတော့ ရိုးရိုးသားသားလုပ်ကိုင်စားသောက်ခြင်းပေါ့။ ဒီစိတ်ဓာတ်ကို ကျွန်တော်က လုပ်ထားတယ်။ နောက်တစ်ခုကတော့ သူတို့ရဲ့အသိပညာဆိုတာလည်း အတွေ့အကြုံကနေရတာ၊ အတွေ့အကြုံကနေပြီး အသိပညာပိုရှိအောင် လုပ်ကြတာပေါ့။ သူများ အတွေ့အကြုံကို ရအောင်ယူရတာလည်းရှိတာပေါ့။ ကိုယ့်အတွေ့အကြုံတင်မဟုတ်ဘဲ မိဘအတွေ့အကြုံနဲ့ မရသေးဘူး။ မိဘပြောတဲ့အတွေ့အကြုံနဲ့ မရဘူး။ သူတို့ကနေ သူတို့ဆက်ဆံရတဲ့ လူတွေကနေပြီးတော့ အတွေ့အကြုံတွေရှိတယ်။ ဒါတွေကိုထိတွေ့ဆက်ဆံခြင်းအားဖြင့်၊ လေ့လာခြင်းအားဖြင့် ရတဲ့အတွေ့အကြုံ၊ သူတို့ရဲ့ဘဝ တိုးတက်ဖို့အတွက် အသုံးချနိုင်ဖို့အတွက် ဒါအမြဲတမ်းသူတို့ကိုလည်း ကျွန်တော်ပြောတာပေါ့။ သူတို့ ဒါတွေနဲ့ ထိန်းသိမ်း ဆောင်ရွက်လျက်ရှိတာကိုလည်း ကျွန်တော်တွေ့ပါတယ်။

**မေး။ ခုနက အဆွေတော် ဗုဒ္ဓနဲ့ပတ်သက်တဲ့ အကြောင်းကို ပြောသွားတဲ့အတွက် ကျွန်တော် ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးချင်ပါတယ်။ ကျွန်တော်သိသလောက်တော့ မြန်မာနိုင်ငံမှာနေထိုင်တဲ့ လူအများစုက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရဲ့သာသနာတော်ဟာ စည်ပင်ထွန်းကားနေတာကို တွေ့ရှိရပါတယ်။ အခု ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ အထင်ကရဖြစ်တဲ့ ရွှေတိဂုံစေတီတော်ကြီးဟာ ဗုဒ္ဓဘာသာတွေရဲ့ အထွတ်အမြတ်ထားတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်ကြီးကို အခေါက်ပေါင်းများစွာ သွားပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ဖူးမြော်ကြည်ညိုပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်သိချင်တာကတော့ အဆွေတော်ရဲ့ ဗုဒ္ဓဘာသာအပေါ်ထားတဲ့ စိတ်နေစိတ်ထားနဲ့ ခံယူချက်ကို အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ကမ္ဘာမှာတော့ ကိုးကွယ်တဲ့ဘာသာတွေ အများကြီးရှိပါတယ်။ ဗုဒ္ဓဘာသာအပြင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ စသည်ဖြင့်ရှိတာပေါ့။ ဒီကိုးကွယ်ရာဘာသာအလိုက် တူညီတဲ့ အကြောင်းအရာအချက်တွေမှာလည်း တည်ငြိမ်အေးချမ်း၊ ငြိမ်းချမ်းရေးပေါ့။ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကိုပဲ ဦးတည်ပြီးသွားကြတာတွေ့တယ်။ သို့သော် ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားဟောတဲ့ တရားထဲမှာတော့ ထူးခြားတာတစ်ခု ရှိတယ်။ အဲဒါကတော့ ဓမ္မနဲ့ပတ်သက်ပြီး ပြောပြတာရှိပါတယ်။ ဓမ္မ–ဓမ္မဆိုတာကတော့ သီလ၊ သမာဓိ၊ ပညာလို့ ကျွန်တော်တို့ပြောတာပေါ့။ တခြားဘာသာတွေမှာ ကျွန်တော်တို့မတွေ့ဘူး။ သို့သော် မြတ်စွာဘုရားဟောတဲ့အထဲမှာ ဓမ္မဆိုတဲ့ တရားလေးတစ်ခု ရှိတယ်။ တစ် အချက်ကတော့ သီလဆိုတာတော့ ကိုယ်/နှုတ်ပေါ့။ ကိုယ်နဲ့နှုတ်နဲ့၊ နှုတ်ကနေကြမ်းတမ်းတဲ့စကားပြောတာတို့၊ အမူအယာအားဖြင့် လုပ်တာတွေကို ကျွန်တော်တို့မလုပ်ဖို့မြတ်စွာဘုရားကနေပြီးတော့ သီလနဲ့နေကြဖို့ဆိုတာ ကျွန်တော်တို့ပြောတာပါ။ သမာဓိ–သမာဓိဆိုတာ စိတ်နဲ့ပတ်သက်တာ၊ ကောင်းတဲ့စိတ်ကိုမွေးတာ၊ မကောင်းတဲ့အကြံအစည် ဘာမှမလုပ်နဲ့၊ ကောင်းတဲ့အကြံအစည်ပဲလုပ်ပြီး စိတ်ကိုဖြူစင်တဲ့စိတ်ကိုထားပေါ့။ သီလ၊ သမာဓိရယ် မြတ်စွာဘုရားကဟောခဲ့တာပေါ့။ ပညာနဲ့ပတ်သက်လို့ ပညာဆိုတာကတော့ နက်ရှိုင်းစွာသိအောင် ဆောင်ရွက်ခြင်းပါပဲ။ နက်ရှိုင်းစွာသိတဲ့သူတွေက ပညာရှင်တွေဖြစ်ကြတယ်။ ပညာတတ်တယ်ဆိုတာ ပညာတတ်တဲ့ အတိမ်အနက်အပေါ်မူတည်ပြီးတော့ သူသည် ပညာရှင်အဆင့်ထိဖြစ်လာကြတာ။ ဒ့ါကြောင့် ဒီသုံးချက်ကတော့ ဗုဒ္ဓဘာသာ–ဗုဒ္ဓမြတ်စွာဘုရားရဲ့ ထူးခြားတဲ့တရားတော်ထဲမှာ ပါတာပေါ့။ ဒါကြောင့် ဒီအဆုံးအမတွေကတော့ ကျွန်တော်ထင်တယ်။ ဘယ်လူမျိုးမဆိုပေါ့၊ လိုက်နာသင့်တဲ့တရားလို့ ကျွန်တော်တော့ယူဆပါတယ်။ ဒါကြောင့် ဒီထူးခြားတာလေးကတော့ ဗုဒ္ဓဘာသာအပိုင်းက ကျွန်တော်တို့အနေနဲ့ကတော့ တန်ဖိုးအင်မတန်ထားပါတယ်။ ဗုဒ္ဓဟောတဲ့အထဲမှာ အမြင့်ဆုံးလို့ ကျွန်တော်တို့ ယူဆပါတယ်။

**မေး။ အခုလိုမျိုး ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ရှင်းပြပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အခုဆိုရင် ကျွန်တော်မသိသေးတဲ့ အကြောင်းအရာတွေ သိရှိသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အင်တာဗျူးအစီအစဉ်ရဲ့ အမည်ကတော့ Formula of Power ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့ ၂၅ နှစ်ကနေ နိုင်ငံတိုင်းမှာရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ အဓိကကျတဲ့သံဃာတွေ၊ ဘုန်းကြီးတွေနဲ့ပတ်သက်ပြီး အင်တာဗျူးတွေ အများကြီးလုပ်ခဲ့ပါတယ်။ လုပ်ခဲ့တဲ့ အင်တာဗျူးပေါင်းကလည်း ၄၀၀ ကျော်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အစဉ်အလာအရ မေးခွန်းအနေနဲ့ မေးချင်တာကတော့ အဆွေတော်ဝန်ကြီးချုပ် Power ကို ဘယ်လိုမျိုးအဓိပ္ပာယ်ဖွင့်ပါသလဲ။ Power နဲ့ ပတ်သက်ပြီး အဆွေတော်ဝန်ကြီးချုပ်ရဲ့ အမြင်သိချင်ပါတယ်။**

ဖြေ။ Power ဆိုတာက အင်အားတစ်ခုကို တည်ဆောက်တာ၊ အင်အားတစ်ခုရှိအောင်လုပ်တာပေါ့။ ဟိုးရှေးခေတ်ကတည်းက ကြည့်လို့ရှိရင်လည်း အင်အားနည်းတဲ့သူတွေက တစ်ဖက်လူကို လာလွှမ်းမိုးနိုင်အောင် အင်အားတည်ဆောက်ရင်း တည်ဆောက်ရင်းနဲ့ တစ်ဦးချင်းကနေ အုပ်စုလိုက်တွေ၊ အုပ်စုလိုက်ကနေပြီးတော့ နိုင်ငံအလိုက်တွေ၊ ဒေသလိုက်တွေ ဒီလိုဖြစ်လာခဲ့တာတွေရှိတယ်။ ဒါကတော့ အင်အားတည်ဆောက်ခြင်းရဲ့အပိုင်းပဲ။ အင်အားမှာလည်း ကျွန်တော့်အမြင်လေးတစ်ခုရှိတယ်။ အဲဒါ အင်အားဆိုတာမှာ ဘယ်ဟာကို အင်အားလို့ ကျွန်တော်တို့ပြောတာလဲ။ နိုင်ငံရေးအင်အားလား၊ စီးပွားရေးအင်အားလား၊ ဒါမှမဟုတ်လို့ရှိရင် သူ့ရဲ့ကာကွယ်ရေးအင်အားလား စွမ်းအားတွေပေါ့။ အင်အား– စွမ်းအား အတူတူပါပဲ။ နိုင်ငံရေးအင်အားဆိုတာကတော့ အတွင်းထဲမှာရှိတဲ့ အားတွေကို ကျွန်တော်တို့ ဆိုလိုတာပေါ့။ နိုင်ငံအားကောင်းရင် အဲဒီတိုင်းပြည်ကတော့ စည်းလုံးညီညွတ်တဲ့ တိုင်းပြည်အင်အားခိုင်မာမှုရှိတယ်ဆိုတာဖော်ပြတယ်။ နိုင်ငံရေးအား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နိုင်ငံရေးသဘောထားတွေ တူညီမှုရှိမှာ မဟုတ်တဲ့အတွက်ကြောင့် အပြည့်အဝတော့ရမှာမဟုတ်ဘူး။ သို့သော်ပြည်တွင်းမှာဆို နိုင်ငံရဲ့အင်အားက တူညီတဲ့သဘောထားရှိတဲ့အတွက် နိုင်ငံရေးအင်အားတောင့်တင်းမှုတွေရှိတယ်။ နောက်တစ်ခုကတော့ စီးပွားရေး၊ စီးပွားရေးအားကောင်းတယ်ဆိုရင် သူကတော့ ချမ်းသာတယ်လို့ပြောကြတယ်။ ချမ်းသာလို့ရှိရင်တော့ သူ့ရဲ့ တစ်ဦးချင်းမှာလည်း ချမ်းသာတယ်လို့ဆိုရင် သူ့ရဲ့ Power ကိုရအောင် သူအသုံးချနိုင်တယ်။ ငွေကြေးအသုံးချနိုင်တာ ရှိတယ်။ ဒေသတွင်းဆို ဒေသတွင်းအလျောက်၊ နိုင်ငံဆို နိုင်ငံအလျောက်ပေါ့။ နိုင်ငံတစ်နိုင်ငံကလည်း ငွေကြေးချမ်းသာတယ်ဆိုလို့ရှိရင် သူ့ရဲ့အင်အားကို အသုံးချနိုင်တာ ကျွန်တော်တွေ့တယ်။ ဒီလိုပဲ ကာကွယ်ရေးအင်အားဆိုလို့ရှိရင် စစ်ရေးအင်အားတောင့်တင်းလို့ရှိရင် ဥပမာအားဖြင့် အဖွဲ့အစည်းတစ်ခုက လက်နက်၊ ခဲယမ်းမီးကျောက်အင်အား တောင့်တင်းတယ်ဆိုရင် ကျန်တဲ့အဖွဲ့တွေက သူ့ကိုမထိရဲဘူး၊ မလုပ်ရဲဘူး ဒါကသဘာဝပဲ။ အဲဒီတော့ နိုင်ငံတစ်ခုကလည်း ကာကွယ်ရေးအင်အား၊ စွမ်းအားတောင့်နေလို့ရှိရင် ဒေသတွင်းမှာတော့ သူသည် အာဏာရှိတယ်။ ကမ္ဘာမှာကြည့်လိုက်ပါ။ ကမ္ဘာမှာကြည့်လို့ရှိရင် ငွေကြေးချမ်းသာတဲ့ တိုင်းပြည်တွေဟာလည်း ငွေကြေးအင်အား နည်းပါးတဲ့တိုင်းပြည်တွေကို ဩဇာလွှမ်းမိုးမှုရှိတယ်။ ဒီလိုပဲ စစ်ရေးအင်အားတောင့်တင်းတဲ့တိုင်းပြည်တွေကလည်း စစ်ရေးအင်အားနဲ့ တခြားနိုင်ငံတွေကို ဖိအားပေးနိုင်တယ်။ ဒါကြောင့် ဒါဒီသုံးခုကတော့ ကျွန်တော်တို့အနေနဲ့ ဒီအားသုံးခုကို အားနဲ့ပတ်သက်ပြီးတော့ ထည့်သွင်းစဉ်းစားရမယ့်အချက်တွေ ဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒ့ါကြောင့် နိုင်ငံတစ်ခုအင်အားရှိချင်ရင် လူတစ်ယောက် အားရှိပြီဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် အားရှိအောင်လုပ်ဖို့၊ ကိုယ့်အားကဘာလဲ၊ ကိုယ့်အားကို ဘယ်လိုလုပ်မလဲ၊ ဘယ်လိုတည်ဆောက်မလဲ ဒီလိုသွားရမှာ ဖြစ်တယ်။

(ရုရှား) ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုး ဆွေးနွေးပေးတဲ့အတွက်၊ အခုလိုမျိုး ဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

(ဝန်ကြီးချုပ်) ကောင်းပါပြီ ကောင်းပါပြီ။ ။

> **“တောင်ပိုင်းဒေသမှာတော့ ကျွန်းတွေအများကြီးရှိတယ်။ ကျွန်းတွေရဲ့ သဘာဝအလှတွေ၊ ရေအောက်သဘာဝအလှတွေ အများကြီးရှိပါတယ်။ အဲဒါတွေကြည့်မယ်ဆို ကျွန်တော်တို့ကြည့်လို့ရပါတယ်။ နောက် ပင်လယ်ကမ်းခြေပေါ့၊ ထားဝယ်ဒေသမှာဆို မောင်းမကန်ပင်လယ်ကမ်းခြေက နာမည်ကြီးပါတယ်။ နောက်တစ်ခါ အနာဂတ်အတွက် အမြော်အမြင်ရှိတာကတော့ ဘာလဲဆိုတော့ Deep Sea Port ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခု လုပ်လို့ရတဲ့အနေအထားရှိတယ်။ အဲဒါကတော့ တန်ချိန်နှစ်သိန်းနဲ့အထက် သင်္ဘောတွေ၊ ကျွန်တော်တို့ရပ်နိုင်တဲ့ ဆိပ်ကမ်းတစ်ခု ကျွန်တော်တို့ လုပ်နေတာရှိပါတယ်။ အဲဒါလည်း ရုရှားနိုင်ငံနဲ့ ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။”**

# (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများအား ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် မတ် ၂၄

(၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများအားဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဂုဏ်ပြုဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ တပ်မတော်မှအရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့မှ တပ်ဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့အား စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များနှင့် အနုပညာရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့တို့မှ အနုပညာရှင်များက ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ ငြိမ့်ညောင်းသာယာလှသည့် မြန်မာသံတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ အကအလှများဖြင့်လည်းကောင်း၊ နိုင်ငံကျော် ဟာသပညာရှင်များဖြစ်ကြသည့် ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ချစ်စံနှင့် ဒိန်းမတ်တို့က စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပျက်လုံးများဖြင့် လည်းကောင်း ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်အားပေးကြသည့် ပရိသတ်များကလည်း စိတ်လက်ရွှင်လန်းပျော်ရွှင်စွာဖြင့် ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ရေးပြစစ်ကြောင်းများအား ဂုဏ်ပြုဖျော်ဖြေကြသည့် အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်သီဆိုဆင်နွှဲရာ စစ်ရေးပြစစ်ကြောင်းများမှအရာရှိ၊ စစ်သည်များက တစ်ခဲနက်အားပေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့သည် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် စစ်ရေးပြစစ်ကြောင်းများမှအရာရှိ၊ စစ်သည်များကို MRTV DTH စလောင်း ၁၀ စုံ နှင့် DVB T2 Set Top Box အလုံး ၂၀၀ တို့ကို ပျော်ရွှင်စွာကံစမ်းမဲဖောက်၍ ပေးအပ်သည်။

သတင်းစဉ်

## ဂီတပညာရှင်ကြီး ဂီတနက်သန် ကိုစောညိန်း၏ ရာပြည့်အကြို အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club) တို့ ပူးပေါင်းစီစဉ်သည့် “ပုဗ္ဗဒဂုံ စာရဂုံ၏ ရသစုံလင်စာသဘင်” ၏ ပွဲစဉ် (၁) အဖြစ် ဂီတပညာရှင်ကြီး ဂီတနက်သန် ကိုစောညိန်း၏ ရာပြည့်အကြို အထိမ်းအမှတ် ဟောပြောပွဲကို လူထုအခြေပြုဇဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်တိုးကြည် (မြကြေးမုံ-ရတနာဆောင်) က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်စာရေးဆရာအသင်းနာယက အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ ဆရာကြီး ဦးစိန်လှိုင် (ကဗျာဆရာကြီး သူရဇော်) က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အခမ်းအနားပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်စာရေးဆရာအသင်းမှ ဘဏ္ဍာရေးမှူး ဦးလပြည့်ဇင်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဂီတနက်သန် ကိုစောညိန်း၏ ရာပြည့်အကြို အထိမ်းအမှတ် ဟောပြောပွဲကို ဆောင်ရွက်ခဲ့ပြီး ဂီတနက်သန် ကိုစောညိန်း၏ တေးသီချင်းများကို ဂီတာမင်းမင်းဦး (ဂီတနက်သန်) ကတီးခတ်၍ ဆရာကြီး သူရဇော်က သီဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ရာ ဂီတာမင်းမင်းဦး(ဂီတနက်သန်) က ပြန်လည်ဖြေကြားခဲ့ပြီး ဟောပြောသူဆရာအား Book Club ဥက္ကဋ္ဌ ဦးဝင်းကိုကိုလတ်က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။

**အေးမဉ္ဇူ(ပြန်/ဆက်)**

## (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ်လ ၂၅၊ ၂၆ ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ နှစ်ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ထုတ်ယူကာဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း-၀၃၂-၃၀၀၀၉

## ဇလွန်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ဇလွန် မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့က ပျဉ်းမကုန်းကျေးရွာအုပ်စု ပျဉ်းမကုန်းအရှေ့ကျေးရွာနှင့် ပျဉ်းမကုန်းအနောက်ကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။



ထိုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇလွန်မြို့နယ် ဦးစီးမှူးရုံး မြို့နယ်ဦးစီးအရာရှိ ဦးဖုန်းနိုင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ပျဉ်းမကုန်းကျေးရွာ အရှေ့နှင့် ပျဉ်းမကုန်းကျေးရွာအနောက်တို့တွင် နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားပြီး ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)

## (၇၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

နေပြည်တော် မတ် ၂၄

၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို မတ်လ ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်အချိန်မှစ၍ MWD HD၊ MWD VARIETY HD၊ MRTV-HD၊ MRTV Parliament၊ MRTV NRC ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ရွှေ FM ၊ ပုဂံ FM၊ Star FM၊ သဇင် FM တို့အပြင် MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်

## သရက်မြို့၌ မြို့မရဲစခန်းအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

သရက် မတ် ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့မရဲစခန်းအား မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့မရဲစခန်းအတွင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များအား မီးသတ်ဆေးဘူးအသုံးပြုပုံများကို စနစ်တကျ ရှင်းလင်းဆွေးနွေးပေးပြီး ဝန်ထမ်းလိုင်းခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လျှပ်စစ်မီးနှင့် အခြားမီးသုံးစွဲမှုများအား မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စနစ်တကျအသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စာနာထောက်ထား မေတ္တာတရားဖြင့် ပြည်ထောင်စုသားချင်း ဝိုင်းဝန်းကူညီ (ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်)

**မောင်ငြိမ်းအေး**

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) သည် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ကမ်းရိုးတန်းဒေသ စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် မေ ၂၄ ရက်က ပေါက်တောမြို့နယ်အတွင်း အခမဲ့ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးစဉ်။

အလွန့်အလွန် အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းခဲ့ပြီး မုန်တိုင်းဖြတ်သန်းတိုက်ခတ်နိုင်သည့် အခြေအနေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရနိုင်မှု အခြေအနေတို့အပေါ်မူတည်၍ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မြေပုံမြို့နယ်၊ မာန်အောင်မြို့နယ်တို့ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီးရောင်အဆင့်ဒေသများအဖြစ် အသိပေးကြေညာခဲ့ရာတွင် ပေါက်တောမြို့နယ်လည်း ပါဝင်ခဲ့သည်။ ဆက်လက်၍ အနီရောင်အဆင့်ရှိသည့် မြို့နယ်များကို အသိပေးကြေညာခဲ့သည်။

**စုစည်းဖွဲ့စည်းထား**

ပေါက်တောမြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်း ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းတည်ရှိပြီး အရှေ့ဘက်တွင် မင်းပြားမြို့နယ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် မြောက်ဦးမြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ပေါက်တောမြို့နယ်သည် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၁ ပေတွင်ရှိပြီး လူဦးရေ ၁၈၅၂၈၄ ဦး၊ အိမ်ထောင်စု ၃၈၀၁၇ စု၊ အိမ်ခြေ ၃၅၈၉၉ လုံးရှိသည့် ရပ်ကွက် ၅ ခု၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာ ၁၇၇ ရွာဖြင့် ဖွဲ့စည်းထားသည်။ ထို့အပြင် ဆင်တက်မော်၊ ကြိမ်နီပြင်၊ အနောက်ရဲနှင့် ၄က်ချောင်း IDPs စခန်းများလည်းရှိသည်။

**အေးချမ်းစွာနေထိုင်**

ပေါက်တောမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်း စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခုဖြစ်သည်။ မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကအားထားလုပ်ကိုင်ကြသည့်အပြင် ရေလုပ်ငန်းများကိုလည်း စီးပွားဖြစ် လုပ်ကိုင်ကြသည်။ အဓိက ထွက်ကုန် ပုစွန်၊ စပါး၊ ဆားအများဆုံး တင်ပို့ရောင်းချကြသည်။ ဆန်စက်၊ ရေခဲစက်များရှိသည့်အပြင် အခြားသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများလည်းရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါများသည်။ ပထဝီအနေအထားအရ ရေမြေသဘာဝ ကောင်းမွန်သော်လည်း သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေအများဆုံးရှိသော မြို့နယ်ဖြစ်သည်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများမှ ပြည်သူများအား မုန်တိုင်းဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ကြိုတင်ရွှေ့ပြောင်းပေးစဉ်။

**အတိဒုက္ခရောက်**

မြို့နယ်အတွင်း ရခိုင်လူမျိုးအများစုနေထိုင်ကြပြီး အခြားလူမျိုးစုအနည်းငယ်နှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်လျက်ရှိသော ပေါက်တောမြို့တွင် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့နံနက်က ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”ကြောင့် မူလရှိပြီးသား ကောင်းမွန်သည့် အခြေအနေများ ပျက်ပြားသွားခဲ့ရသည်။ ဒေသခံပြည်သူများ အတိဒုက္ခရောက်ခဲ့ကြသည်။ မုန်တိုင်းတိုက်ခတ်နေစဉ် ပြည်သူများမှာ အန္တရာယ်ကင်းရာနေရာများသို့ အပြေးအလွှားပုန်းရှောင်နေခဲ့ကြရသည်။ ပေါက်တောမြို့နယ်တွင် နေအိမ်အများစုမှာ ဝါးခနိအိမ်များဖြစ်ပြီး အိမ်ကြီးအိမ်ကောင်း အနည်းငယ်သာရှိသည်။ မုန်တိုင်းအရှိန်ကြောင့် နေအိမ်အများစုမှာ ပျက်စီးသွားခဲ့သည်။ မုန်တိုင်းစဲသွားသောအခါ မိမိနေအိမ် အပျက်အစီးများနှင့် သေဆုံးပျောက်ပျက်သွားသည့် မွေးမြူရေးတိရစ္ဆာန်များအတွက် ဝမ်းနည်းပက်လက် ဖြစ်ကြသည်။

**စာမျက်နှာ ၁၁ သို့ »»**



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သည့် နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ မေ ၁၃ ရက်တွင် တာဝန်ရှိသူများက ရေယာဉ်ဖြင့် ကြိုတင်ရွှေ့ပြောင်းပေးစဉ်။

»»» စာမျက်နှာ ၁၀ မှ

လူသေဆုံးမှုမရှိသော်လည်း မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၇၇၈၇ ကောင် သေဆုံး/ပျောက်ဆုံးသွားခဲ့သည်။

**အလျင်အမြန်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် မေလ ၁၅ ရက်နှင့် မေလ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်အတွက် တပ်မတော်အရာရှိကြီးများအား အချိန်မဆိုင်းဘဲ တာဝန်ပေးအပ်ခဲ့သည်။ ပေါက်တောမြို့နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ဆန်နီအုန်းအား တာဝန်ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခဲ့သည်။

**ဝမ်းသာမဆုံး**

ပေါက်တောမြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများသည် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ကို ၎င်းတို့ဘဝအတွက် ကြောက်မက်ဖွယ်ရာ နေ့တစ်နေ့အဖြစ်ခံယူခဲ့ကြသည်။ ထိုနေ့တစ်နေ့တာလုံး ၎င်းတို့အတွက် ငရဲတမျှအလား ဒုက္ခဆင်းရဲများ ခံစားခဲ့ကြရသည်။ တစ်မြို့နယ်လုံး စိစိညက်ညက်ကျေပြီး နေရေး၊ ထိုင်ရေး၊ စားသောက်ရေးပါမကျန် အခက်အခဲများဖြစ်ကြရသည်။ မေလ ၁၅ ရက်နေ့သို့ရောက်သည်နှင့် နိုင်ငံတော်အစိုးရက အလျင်အမြန် စီမံခန့်ခွဲပေးမှုကြောင့် ကယ်ဆယ်ကူညီစောင့်ရှောက်မှုများ စတင်ရောက်ရှိလာခဲ့သည်။

စာမျက်နှာ ၁၂ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ၂၀၂၃ ခုနှစ် မေ ၂၄ ရက်က ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားများအား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အထက(အဆောင်-၅)ကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အထက(အဆောင်-၅) ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အလက(ခွဲ) ဆည်သုံးတန် အဆောင်(၁)ကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အလက(ခွဲ) ဆည်သုံးတန် အဆောင်(၁) ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ ပျက်စီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

»»» စာမျက်နှာ ၁၁ မှ

ကူညီကယ်ဆယ်ဖေးမမည့်သူကို မျှော်လင့်တကြီး စောင့်မျှော်နေသော ပေါက်တောသူ ပေါက်တောသားများမှာ ဝမ်းသာမဆုံး ဖြစ်ကြရသည်။

**ကူညီဆောင်ရွက်**

မေလ ၁၆ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မြို့နယ်များကို လိုက်ကြည့်ရှုစစ်ဆေးရာ ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းများနှင့် ရပ်ကွက်ကျေးရွာများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များကို ထောက်ပံ့ကူညီပေးသည်။ မေလ ၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၁၁၆ ဦးတို့သည် ပေါက်တောမြို့နယ်သို့ရောက်ရှိပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။



ပေါက်တောမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ခွဲစိတ်ကုသပေးစဉ်။

**ရှာဖွေရှင်းလင်း**

ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များသည် မေလ ၂၀ ရက်နေ့တွင် ပေါက်တောမြို့နယ်အတွင်းရှိ နေရာ ၁၂ နေရာတွင် နေအိမ်များ၊ ရုံးအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဘုရားစေတီတော်များနှင့် လမ်းများတွင် လဲကျနေသော သစ်ပင်များကို ရှင်းလင်းခြင်း၊ လမ်းများပေါ်တွင်လဲကျနေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများနှင့် အခြားအပျက်အစီးများကို ဖယ်ရှားပေးခဲ့သည်။ မေလ ၂၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၁၁၆ ဦးဖြင့် ကူညီရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ပေါက်တောမြို့နယ်တွင် ပြိုလဲပျက်စီးသော သစ်ပင်ပေါင်း ၁၀၀၀ ခန့်ကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းပေးခဲ့သည်။

**ပြုပြင်ဆောင်ရွက်**

မိုခါမုန်တိုင်းမတိုက်ခတ်မီအချိန်က ပေါက်တောမြို့နယ်တွင် ဆက်သွယ်ရေးအော်ပရေတာ လေးခုရှိခဲ့ပြီး ဒေသခံပြည်သူများ အဆင်ပြေစွာ အသုံးပြုနိုင်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးသည့်အချိန်တွင် ဆက်သွယ်ရေးစနစ်များ ပြတ်တောက်သွားခဲ့ရာ မုန်တိုင်းတိုက်ခတ်ပြီး မွန်းလွဲပိုင်းတွင်ပင် ဆက်သွယ်ရေးစနစ်တစ်ခုကို စစ်တွေ၊ ကျောက်ဖြူ၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပေါက်တောမြို့နှင့် ချင်းပြည်နယ်သို့ ပို့ဆောင်ပေးပြီး ထိုနေ့ညပိုင်းမှစ၍ တစ်မြို့လျှင် ဖုန်းလိုင်းလေးလိုင်းဖြင့် ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ပေါက်တောမြို့နယ်တွင် ကျန်းမာရေးအဆောက်အအုံ ၇၄ ခု ထိခိုက်ပျက်စီးသွားခဲ့သည်။ ၆၄ ခုမှာ လုံးဝပျက်စီးသွားပြီး ၁၂ ခုကို ချက်ချင်းပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။



၃၃ ကေဗွီ ပေါက်တော ဓာတ်အားလိုင်း ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**ကျောင်းဖွင့်အမီ**

ပေါက်တောမြို့နယ်တွင် အခြေခံပညာ ဆရာ ဆရာမ ၁၆၈၅ ဦးရှိပြီး ကျောင်းသား ကျောင်းသူ ၂၀၀၀၀ ကျော်ရှိသည်။ တစ်မြို့နယ်လုံးတွင် အခြေခံပညာ ကျောင်းပေါင်း ၁၇၀ ရှိပြီး မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ကျောင်းခြောက်ကျောင်းသာ မပျက်စီးခဲ့ဘဲ မူလတန်းကျောင်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၆၄ ကျောင်းမှာ လုံးဝပျက်စီးသွားခဲ့သည်။ မေလ ၁၄ ရက်နေ့တွင် မိုခါမုန်တိုင်း တိုက်ခတ်ခဲ့ရာ ပျက်စီးသွားသောကျောင်းများ ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်အမီ ပြန်လည်ပြင်ဆင် တည်ဆောက်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်နိုင်သည့် ကျောင်းများကို အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ခဲ့သည်။

**ပုံမှန်အခြေအနေ**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်တွင် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ရာများ သာမက စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဆည်မြောင်းတာတမံများ၊ လမ်းတံတားများနှင့် အိမ်မွေးတိရစ္ဆာန်များ၊ မွေးမြူရေးတိရစ္ဆာန်များ သေကျေပျက်စီးခဲ့ရသည်။ အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို **စာမျက်နှာ ၁၃ သို့ »»»**



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် မူလွန် သိမ်ကျောင်းမော်ပင်မဆောင်ကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် မူလွန် သိမ်ကျောင်းမော်ပင်မဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ ပျက်စီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၁၂ မှ**

ပြန်လည်အစားထိုး တည်ဆောက်နိုင်ရန်အတွက် ပေါက်တောမြို့နယ်ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ပေးနေသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဆန်နီအုန်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပေါက်တောမြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများအတူတကွ နေ့ညမပြတ် ဆောင်ရွက်ပေးခဲ့ရာ တစ်လအတွင်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

**ဦးစားပေးအလိုက်**

မြို့နယ်အတွင်း ပျက်စီးမှုအခြေအနေများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပထမဦးစားပေးအနေဖြင့် အခြေခံပညာစာသင်ကျောင်းများအားလည်းကောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ဆေးရုံ၊ ဆေးခန်းများအားလည်းကောင်း၊ တတိယဦးစားပေးအနေဖြင့် သာသနိကအဆောက်အအုံများကို လည်းကောင်း၊ စတုတ္ထဦးစားပေးအနေဖြင့် ဌာနဆိုင်ရာ အဆောက်အအုံများကိုလည်းကောင်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။ စစ်တွေမြို့မှတစ်ဆင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ရောက်ရှိခဲ့ပြီး ရောက်ရှိလာသည့်ပစ္စည်းများကို မြို့နယ်အတွင်းရှိ အိမ်ထောင်စုများအား မျှဝေထောက်ပံ့ပေးခဲ့သည်။ ပေါက်တောမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကူညီထောက်ပံ့ရေး ဆောင်ရွက်ရာတွင် အဆင်ပြေချမ်းသာသူ၊ အတင့်အတင့်ရှိသူ၊ ဆင်းရဲနွမ်းပါးသူဟူ၍ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ပေးခဲ့သည်။



ပေါက်တောမြို့နယ် ဂြင်းချောင်းကျေးရွာတွင် Life Straw ရေသန့်စက်ဖြင့် သောက်သုံးရေများ ဖြန့်ဝေနေစဉ်။

**ချက်ချင်းဖြည့်ဆည်း**

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပေါက်တောမြို့နယ်တွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် နေရေး၊ ထိုင်ရေး၊ ဝမ်းရေးအတွက်သာမက အရေးကြီးသည့် သုံးရေ၊ သောက်ရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် မူလရှိပြီး ရေအရင်းအမြစ်များ ပျက်စီးသွားသည့်အပြင် ပင်လယ်ဆားနဲ်ရေဝင်ရောက်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး၊ ရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို နိုင်ငံတော်က မုန်တိုင်းသင့်ဒေသများအားလုံးကို ချက်ချင်းဖြည့်ဆည်းပေးခဲ့သည်။ ပေါက်တောမြို့နယ်တွင် မိုဘိုင်းဆိုလာစနစ်ဖြင့် ရေပေးရေးစနစ်နှစ်ခု၊ သောက်သုံးရေဂါလန် ၂၀၀၀ ခန့်ကို ဖြည့်ဆည်းပေးခဲ့သည်။ ရေသန့်စင်စနစ် ၂၃ ခုဖြင့် သောက်သုံးရေဂါလန် ၁၇၉၄ ဂါလန်၊ ရေသန့်စင်ဆေးပြား ၁၅ သေတ္တာ၊ ကလိုရင်း ၇၅ ပုံး၊ ၂၀ လီတာရေဘူး ၄၅ ဘူး၊ ရေကန်မှ ရေငန်စုပ်ထုတ်ခြင်း အကြိမ် ၂၀ ပြုလုပ်ပေးခဲ့သည်။

**ဝမ်းမြောက်ပျော်ရွှင်**

ပေါက်တော မြို့နယ်တွင် တည်ဆောက်ထားသော ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းနှင့် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံတို့ ပျက်စီးသွားခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ပိုင်းရှိ မြို့နယ်များကို လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေးအတွက် စီစဉ်ပေးခဲ့ရာ ပေါက်တောမြို့ကိုလည်း အလျင်အမြန် ပြုပြင်ဆောင်ရွက်ပေးခဲ့သဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် ရာခိုင်နှုန်းပြည့် ပြင်ဆင်ပြီးခဲ့သည်။ ပေါက်တောမြို့နယ်အတွင်း ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၂၆ ရွာတွင် ၃၃ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်ခွဲရှိသည့်အနက် တစ်ဝက်နီးပါး ပျက်စီးသွားခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက နေ့မနားညမအား ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် တစ်မြို့နယ်လုံးအတွက် လျှပ်စစ်ဓာတ်အားများ ပုံမှန်ပြန်လည် ပေးဝေနိုင်သည့်အတွက် ဒေသခံ တိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

**မူလအခြေအနေရောက်**

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပေါက်တောတစ်မြို့နယ်လုံး၏ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၆၄၄၅ ကျော်ရှိသည်ဟု သိရသည်။ တည်ငြိမ်အေးချမ်းပြီး လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အဆင်ပြေခဲ့သည့် ပေါက်တောမြို့နယ်သည် မုန်တိုင်းဒဏ်ကြောင့် ကြေမွပျက်စီးခဲ့သော်လည်း မုန်တိုင်းအန္တရာယ်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ရခိုင်ပြည်နယ်အတွင်းမှ မုန်တိုင်းဒဏ်သင့်မြို့နယ်များအားလုံး မူလအခြေအနေသို့ရောက်ရှိအောင် အချိန်တိုအတွင်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ပေါက်တောမြို့နယ်မှ ပြည်သူများ ဘေးဒုက္ခရောက်နေချိန်တွင် ပြည်ထောင်စုသားချင်း ရိုင်းပင်းကူညီဖေးမစောင့်ရှောက်မှုဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် နိုင်ငံတော်အစိုးရက ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အမကလှခိုင်ကျေးရွာကျောင်းပင်မဆောင်ကို တွေ့ရစဉ်။




မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အမကလှခိုင်ကျေးရွာကျောင်းပင်မဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## Crocus City Hall ကဇာတ်ရုံ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူ လေးဦးအပါအဝင် ဆက်နွှယ်သူ ၁၁ ဦးကို ဖမ်းဆီးရမိ

မော်စကို မတ် ၂၄

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Crocus City Hall ကဇာတ်ရုံ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူ လေးဦးအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်သူ ၁၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

တိုက်ခိုက်မှုနောက်ကွယ်မှ ကြိုးကိုင်သူများကိုပါ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ကတိပြုပြီး မတ် ၂၃ ရက်ကို နိုင်ငံတော် ဝမ်းနည်းခြင်းနေ့ အဖြစ် ကြေညာကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က မတ် ၂၄ ရက် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

မတ် ၂၂ ရက် ညပိုင်းတွင် မော်စကိုမြို့တော် ဆင်ခြေဖုံးရှိ Crocus City Hall ကဇာတ်ရုံတွင် ဖျော်ဖြေပွဲလာရောက်သူများအား အမည်မသိ သေနတ်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ကဇာတ်ရုံတစ်ခုလုံး မီးလောင်ကျွမ်းကာ အဆောက်အအုံ၏ ခေါင်မိုးပြိုကျခဲ့ကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၄၃ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်




## အာဖဂန်နစ္စတန်လူဦးရေ၏ ၈၀ ရာခိုင်နှုန်းနီးပါး သောက်သုံးရေ ပြတ်လပ်မှုဖြင့်ရင်ဆိုင်နေရ

ကဘူးလ် မတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံလူဦးရေ၏ ၇၉ ရာခိုင်နှုန်းခန့်သည် သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးခေါင်ရေရှားမှု အခြေအနေများ၊ စီးပွားရေး မတည်ငြိမ်မှုများနှင့် ကာလရှည်ကြာဖြစ်ပွားသော ပဋိပက္ခများ၏ ဆိုးရွားသော အကျိုးသက်ရောက်မှုများသည် အာဖဂန်နစ္စတန်၏ ရေအခြေခံအဆောက်အအုံများတည်ဆောက်နိုင်မှုသည်လည်း သိသိသာသာ လျော့ကျသွားကြောင်း မတ် ၂၃ ရက် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အကျပ်အတည်းသည် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများတွင် အချိုးမညီမျှစွာ သက်ရောက်မှုများရှိနေပြီး ရေရရှိရေး အထောက်အကူပြုပစ္စည်းများကို သုံးစွဲရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် လက်ရှိတွင်လည်း ပိုမိုဆိုးရွားသော မိုးခေါင်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံအစိုးရသည် ဆည်ငယ်များ၊ ရေပေးဝေရေး ကွန်ရက်များနှင့် မြေအောက်ရေကို ပိုမိုကောင်းမွန်အောင် သိုလှောင်ရန်အတွက် နိုင်ငံတစ်ဝန်းတွင် ရေပေးဝေရေး ကွန်ရက်များနှင့် ရေမြောင်းများကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်




## ဘရာဇီးနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၇၀၀ ကျော်ရှိ

ရီယိုဒီဂျနေးရိုး မတ် ၂၄

ဘရာဇီးနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၇၀၀ ကျော်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့ ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှု ဆက်လက်မြင့်တက်လာခြင်းကြောင့် ကျန်းမာရေး အာဏာပိုင်များက အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ အလားတူ တောင်အမေရိကနိုင်ငံများ၌ သွေးလွန်တုပ်ကွေးရောဂါ လျင်မြန်စွာ ပျံ့နှံ့လျက်ရှိသည်။

ဘရာဇီးနိုင်ငံ၌ ဇန်နဝါရီလမှစတင်၍ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ နှစ်သန်းကျော်နှင့် သေဆုံးသူ ၇၁၅ ဦးထက်မနည်းရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူအရေအတွက် ယခင်နှစ်များကထက် ကူးစက်မှုစံချိန်တင်ကြောင်း ဘရာဇီးနိုင်ငံ၏ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ဆော်ပေါလို၊ ရီယိုဒီဂျနေးရိုးနှင့် ဘရာဇီးလီးယား မြို့တို့ကဲ့သို့သော လူနေထူထပ်သော ဒေသများတွင် ရောဂါဖြစ်ပွားမှုသည် မြင့်တက်လျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါဖြစ်သည်။ အဖျားကြီးပြီး ပြင်းထန်သော ခေါင်းကိုက်ခြင်းအပြင် ကြွက်သားနှင့် အဆစ်များပါ နာကျင်စေသည်။ ရောဂါပြင်းထန်လာပါက အသက်ဆုံးရှုံးစေနိုင်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကြောင့် အပူချိန်မြင့်မားခြင်းနှင့် စိုစွတ်သောအခြေအနေများ ဆက်လက်ဖြစ်ပေါ်နေခြင်းသည် သွေးလွန်တုပ်ကွေးရောဂါ လျင်မြန်စွာ ကူးစက်ပျံ့နှံ့မှုကို ဆက်လက်တွန်းအားပေးနေမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



## ဂါဇာကမ်းမြောင်၌ ဆေးဝါးနှင့် အစားအစာ ပြတ်လပ်မှုကြောင့် ပထမဆုံး အစ္စရေးဓားစာခံ တစ်ဦး သေဆုံး

ဂျေရုဆလင် မတ် ၂၄

ဂါဇာကမ်းမြောင်၌ ဆေးဝါးနှင့် အစားအစာ ပြတ်လပ်မှုကြောင့် ပထမဆုံး အစ္စရေးဓားစာခံ တစ်ဦး သေဆုံးကြောင်း ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့က ယမန်နေ့တွင် ကြေညာခဲ့သည်။

အသက် ၃၄ နှစ်အရွယ် အစ္စရေးအမျိုးသား Yigev Bukhatab သည် ဆေးဝါးနှင့် အစားအစာ ပြတ်လပ်မှုကြောင့် သေဆုံးခဲ့ကြောင်း ကြေညာချက်တစ်ရပ်တွင်ဖော်ပြသည်။

ထို့ပြင် ဂါဇာကမ်းရိုးတန်းတွင် နေထိုင်သော ပါလက်စတိုင်းနိုင်ငံသားများသည်လည်း အလားတူအခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့နေရကြောင်း အဆိုပါ ကြေညာချက်တွင် ရေးသားထားသည်။

အစ္စရေးအမျိုးသား Bukhatab ၏ ရုပ်အလောင်းကိုပြသသည့် ဗီဒီယိုဖိုင် အတိုတစ်ခုကိုလည်း အွန်လိုင်းပေါ်သို့ တင်ခဲ့သည်။ သို့သော် အစီရင်ခံစာနှင့် ပတ်သက်၍ အစ္စရေးအစိုးရက လက်ရှိအချိန်အထိ မှတ်ချက်ပြုပြောကြားခြင်း မရှိသေးပေ။

ပြီးခဲ့သည့် အောက်တိုဘာ ၇ ရက်မှ စတင်သည့် အစ္စရေး-ပါလက်စတိုင်း အပြန်အလှန် စစ်ဆင်ရေးဆင်နွှဲမှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၃၂,၀၀၀ ကျော်ရှိလာကြောင်း ဟားမတ်စ်အဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပဋိပက္ခဖြစ်ပွားသည့်အချိန်မှစပြီး အစ္စရေးတပ်ဖွဲ့ဝင်များသည် ပြည်သူ ၂ ဒသမ ၃၅ သန်းနေထိုင်ရာ ဂါဇာကမ်းရိုးတန်းဒေသကို ပိတ်ဆို့ထားပြီး ဒေသခံများအတွက် အစားအစာ၊ ရေ၊ ဆေးဝါးနှင့် လျှပ်စစ်ဓာတ်အားကဲ့သို့သော အထောက်အပံ့များကို ဖြတ်တောက်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် တရုတ်နိုင်ငံ၏ ရေနံစိမ်းထွက်ရှိမှု တိုးတက်လာခဲ့

ပေကျင်း မတ် ၂၄

တရုတ်နိုင်ငံ၏ ရေနံစိမ်းထွက်ရှိမှုသည် ယခုနှစ် ပထမနှစ်လအတွင်း တိုးတက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရို (NBS) ၏ အဆိုအရ ဇန်နဝါရီမှ ဖေဖော်ဝါရီကာလအတွင်း စုစုပေါင်း ရေနံစိမ်းအထွက်နှုန်းမှာ တန်ချိန် ၃၅ ဒသမ ၁၁ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြသည်။

တရုတ်နိုင်ငံသည် ယခုနှစ် ပထမနှစ်လအတွင်း ရေနံစိမ်းတန်ချိန် ၈၈ ဒသမ ၃၁ သန်း တင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရို၏ အချက်အလက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဩဝါဒကထာ ... ဩ္ဘပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ရတနာသိဒ္ဓိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမိန္ဒက သမ္ဗောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအပါး ၈၀၊ သီလရှင်ဆရာကြီး ရှစ်ပါး စုစုပေါင်း ၈၈ ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ် ၁၆ ဦးတို့အား ဘွဲ့တံဆိပ်အပ်နှင်းခြင်းတို့ကို ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများလှူဒါန်း၍ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

ပဲခူး မတ် ၂၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ မတ် ၂၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ရ ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပဲခူးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဩ္ဘပရိသတ်အပေါင်းက ပဲခူးမြို့ မြို့မစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်အရှင်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သုံးဆယ်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရ မဟာထေရ်မြတ်က သမ္ဗောဒနီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးတို့က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တက္ကန္ဒာစရာလင်္ကာဘိဝံသ အရှင်မြတ်ထံမှ ဝန်ကြီးချုပ်အမှူးပြုသော ဩ္ဘပရိသတ်အပေါင်းက အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ကြွရောက်လာကြသည့် ဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၃ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရရှိမှုမှာ မဟာဂန္ထဝါစကပဏ္ဍိတ ခြောက်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ၁၁ ပါး၊ မဟာကမ္မဋ္ဌာနာစရိယ နှစ်ပါး၊ ဓမ္မကထိကဗဟုဇန ဟိတာဓရ တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ကိုးပါး၊ သဒ္ဓမ္မဇောတိကဓဇ လေးပါး၊ ကမ္မဋ္ဌာနာစရိယ လေးပါး စုစုပေါင်း ရဟန်း၊ သံဃာ ၃၄ ပါးနှင့် သီလရှင် သုံးပါးတို့ ရရှိကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြောင်းမြမြို့နယ် သက္ကဝတီ ရွှေဘုန်းရှင်စေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်

မြောင်းမြ မတ် ၂၄

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်ကျောင်းတိုက် မြစိမ်းရောင် သာသနာ့နယ်မြေတွင် တည်ထားကိုးကွယ်မည့် သက္ကဝတီရွှေဘုန်းရှင် စေတီတော်မြတ်ကြီးအား ရွှေထီးတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်၇နာရီက စတင်ကျင်းပသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟ အလယ်တောရ ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူခြင်း၊ ဘုရားဒါယကာ၊ ဒါယိကာမ၊ စေတနာရှင်၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံသို့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများ ဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားဒါယကာ ဒါယိကာမများနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးကြိမ် လှည့်လည် ပင့်ဆောင်ပူဇော်ခြင်း၊ နံနက် ၈ နာရီတွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား အမွှေးနံ့သာများ ပက်ဖျန်း၍ တာဝန်ရှိသူများက ရွှေထီးတော် တင်လှူပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ"အစရှိ ဇယမင်္ဂလာ အောင်ဂါထာတော်များကိုရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**ဝေဝေ(မြောင်းမြ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၂၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ကျင်းပ



နေပြည်တော် မတ် ၂၄

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် လိုဏ်တော်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော် လေးဆူနှင့် မဟာဆုတောင်းပြည့်(ပန်းပေါင်း)ဘုရားကြီးတို့ကို (၁၆) ကြိမ်မြောက် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲအခမ်းအနားကို ၁၃၈၅ ခုနှစ် တပေါင်းလပြည့်နေ့ (ယနေ့) နံနက် ၆ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သံလျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုတော်မူသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးဟန်သူ၊ ဦးမင်းဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ စေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင်အရှေ့မြောက်ထောင့် ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကိုကျင်းပရာ ဆရာတော်ကြီးများအား ဗုဒ္ဓါဘိသေကအနေကဇာတင်မည့်နေရာသို့ ပင့်ဆောင်၍ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများအား အခမ်းအနားကို လွှဲအပ်၍ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် ကုသိုလ်တော်မင်္ဂလာ ဆည်းပူးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူ၍ တက်ရောက်လာကြသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်(၂၆၁၂) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အောင်ပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၄

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၆၁၂) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် အောင်ပွဲနှင့်ရေစက်ချအနုမောဒနာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဒါယကာပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင်ဦးမျိုးအောင်ဌေးက ဗုဒ္ဓပူဇနိယမင်္ဂလာ အနုမောဒနာကို လျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒွိပိဋကဓရ ဝိနယဒီဃနိကာယပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ဒါယကာပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်ချအမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် စေတီတော်ရင်ပြင် ရောင်တော်ဖွင့်တန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်



များ တန်ဆောင်းနှင့် ထီးတော်ရုံတန်ဆောင်းတို့၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်မြောက်ဘက်မုခ်ရှိ အောင်မြေ၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဂေါပကရုံးဝန်ထမ်းများက ဆွမ်းတော်ကြီးတင်လှူ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီတော်များတွင် ဘုရားဖူးပြည်သူများလာရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ ကုသိုလ်ဘာဝနာများ ပွားများလျက်ရှိကြသည်။

**ကိုကိုဇော်(MNA)**

# (၅၂)နှစ်ပြည့် ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့်အောင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် အာရုံခံကျောင်းဆောင်တော် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပ



ရန်ကုန် မတ် ၂၄

တပေါင်းလပြည့်နေ့တွင် ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့် အောင်စေတီ(၅၂)နှစ်ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အာရုံခံကျောင်းဆောင်တော် ပြုပြင်မွမ်းမံအောင်မြင်မှု ရေစက်ချအလှူတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ ဆုတောင်းပြည့်အောင်စေတီကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

## ဆက်ကပ်လှူဒါန်း

အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် သာသနောဒယကျောင်းတိုက်ဆရာတော် ဦးပညာနန္ဒထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူပြီး အရှင်သူမြတ်တို့အား အာရုံခံကျောင်းဆောင်တော်ပြုပြင်မှု အလှူရှင် ဦးအောင်ခိုင်-ဒေါက်တာ ဝါဝါစိန်မိသားစုနှင့် ဒါယကာပရိသတ်များက လှူဖွယ်ပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သရက်တောကျောင်းတိုက် သာသနောဒယကျောင်းတိုက်ဆရာတော် ဦးပညာနန္ဒက အလှူရှင်အား ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့်အောင်စေတီ အာရုဏ်ခံ ကျောင်းဆောင်တော် ပြုပြင်မွမ်းမံပြင်ဆင်ခြင်း အလှူတော်ဂုဏ်ပြုလွှာကို ချီးမြှင့်ပေးအပ်ပြီး ဆရာတော်က ဒါယကာပရိသတ်တို့အား အနုမောဒနာတရားဟောကြားတော်မူကာ လှူဒါန်းမှုအစုစုတို့အတွက် ဒါယကာပရိသတ်များက ရေစက်သွန်းချအမျှဝေကြသည်။

ယင်းနောက် ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့်အောင်စေတီ သမိုင်းကမ္ပည်းကျောက်စာတိုင်အား သံဃာတော်အရှင်သူမြတ်တို့က အောင်သပြေဖြင့် အမွှေးနံ့သာများပက်ဖျန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကာ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး**

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်

**နေပြည်တော် မတ် ၂၄**

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော် ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများ နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိသက်ဆိုင်ရာ နေရာများ၌ ပြုလုပ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ် များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည် ကြသည်။ ထို့နောက် သံဃာတော်များက သမ္ဗော ဒ္ဓနိယသြဝါဒကထာ မြွက်ကြားပြီး ပရိတ်တရားများ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ယင်းနောက် တာဝန်ရှိသူများက သာသနာရေးဆိုင်ရာများ လျှောက် ထားပြီး ဘွဲ့ခံဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ကြ သည်။ ယင်းနောက် သံဃာတော်များထံမှ အနုမော ဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီး တို့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များ၊ တိုင်းမှူးများနှင့် စေတနာရှင်အလှူရှင် များက သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင် များအား သတ်မှတ်နေရာများ၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

## သထုံရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူ



**သထုံ မတ် ၂၄**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး (၂၃)ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနား ကို မတ် ၂၄ ရက် (တပေါင်းလပြည့်နေ့) နံနက်က ရွှေစာရံစေတီတော် ပရိဝုဏ်ရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ်အတွင်းရှိ စေတီတော် ဩဝါဒါစရိယဆရာ တော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီး အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ယင်းနောက် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ဗုဒ္ဓပူဇနိယ ပွဲတော်အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ တာဝန်ရှိသူများ၊ အလှူရှင် များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်၊ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာ တော် ပိဋကတ္တရပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနာဘိဝံသထံမှ သီလခံယူကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်အစရှိသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် အလှူရှင်များစုပေါင်းကာ ကြွရောက် လာကြသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ (၇၅)နှစ်မြောက် စိန်ရတု ပအိုဝ်းအမျိုးသားနေ့ ကျင်းပ



တောင်ကြီး မတ် ၂၄

(၇၅)နှစ်မြောက် စိန်ရတု ပအိုဝ်းအမျိုးသားနေ့ကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ ကန်ကြီးရပ်ကွက် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း (ဒဲဉ်သီး,ဗွေကွင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းအမျိုးသားအလံကို လွှင့်တင်၍ အလေးပြုခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အခမ်းအနားသဘာပတိ ပအိုဝ်းအမျိုးသားခေါင်းဆောင် ဖြားတန်စင်ဖာ အောင်ခမ်းထီက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပအိုဝ်းတိုင်းရင်းသားတို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အများဆုံးနေထိုင်ကြကာ ရိုးသားဖြူစင် ဖြောင့်မတ်ပွင့်လင်းကြပြီး ဘာသာတရားများ အထူးကိုင်းရှိုင်းကြသည့် လူမျိုးဖြစ်သည့်အပြင် မေတ္တာတရားကို အစဉ်နှလုံးသွင်းသူ၊ စေတနာ သဒ္ဓါတရား ထက်သန်ပြီး အေးချမ်းစွာနေထိုင်တတ်ကြသူများလည်း ဖြစ်ပါကြောင်း၊ ပအိုဝ်းဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင် အစိုးရအဆက်ဆက်မှ အထူးအလေးထား ပူးပေါင်းဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့အစိုးရအဖွဲ့ကလည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပအိုဝ်းတိုင်းရင်းသားတို့၏ ဆန္ဒသဘောထားများနှင့် လိုလားချက်များကိုလည်း မိမိတို့အစိုးရမှ သိရှိနားလည်သဘောပေါက်ပြီး အထူးအလေးထားကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ပအိုဝ်းဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပအိုဝ်းပြည်သူလူထု၏ အခြေအနေအရပ်ရပ်ကို ဆီဆိုင်မြို့နယ် ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့ ဦးထီးက တင်ပြပြီး ပွဲဖြစ်မြောက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ရာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဖြားခွန်ဝင်းကိုက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပအိုဝ်းအမျိုးသားနေ့ ကြွေးကြော်သံများ သံပြိုင်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိသည်။

ပြည်နယ်(ပြန်/ဆက်)

# သထုံမြို့နယ်၌ (၇၅) နှစ်မြောက် စိန်ရတု ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား ပြည်နယ်အဆင့် ကျင်းပ



သထုံ မတ် ၂၄

မွန်ပြည်နယ်အဆင့် (၇၅) နှစ်မြောက် စိန်ရတု ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၂၄ ရက် (တပေါင်းလပြည့်)နံနက်က သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသား ဗိမာန်တော်၌ ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးဆောင်၍ ကျင်းပသည်။

ဦးစွာ (၇၅) နှစ်မြောက် စိန်ရတု ပအိုဝ်းအမျိုးသားနေ့ မုခ်ဦးနှင့် ပအိုဝ်းအမျိုးသားဗိမာန်တော်တို့အား ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် သဘာပတိ အဖွဲ့ဝင် ဘီးလင်းမြို့ ခဲမောက်စင်ကာပူကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝံသက အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်ထံမှ စိန်ရတု ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မွန်ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦးက လည်းကောင်း၊ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်ကလည်းကောင်း တက်ရောက်ဖတ်ကြားကြသည်။

ယင်းနောက် ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းနှင့် ပအိုဝ်းသက္ကရာဇ်စာတမ်းတို့အား ရှင်းလင်းဖတ်ကြားကြပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ပအိုဝ်းအမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်ရာ ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ခရိုင်(ပြန်/ဆက်)

# လိပ်ပြာပုံ ကျပ် ၂၀၀ တန် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် မတ် ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာ မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "Common Bluebottle"** လိပ်ပြာပုံ ကျပ် ၂၀၀ တန် စာပို့ တံဆိပ်ခေါင်းသစ် တစ်မျိုးကို **၂၀၂၄ ခုနှစ် မတ် ၂၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **မတ် ၂၇ ရက်**တွင် ဝယ်ယူသော စာပို့ တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မိုးစပါး စိုက်ပျိုးခဲ့သည့် သမဝါယမအသင်းများသို့ Refund နှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာ ပေးအပ်ပွဲ ကျင်းပ

သုံးခွ မတ် ၂၄

ရန်ကုန်တိုင်း ဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူ၍ မိုးစပါးစိုက်ပျိုးခဲ့သည့် သမဝါယမအသင်းများသို့ Refund နှင့် တိုက်ရိုက်မျိုးစေ့ချ ကိရိယာ (Seeder)ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် သမဝါယမအသင်း ၁၁ သင်း၊ အသင်းသား ၂၂၃ ဦး၏ စပါးထွက်တင်း ၂၄၁၇၅ တင်းအတွက် Refund ပေးအပ်ငွေကျပ် ၄၈၃၄၈၀၀ နှင့် အသင်း ၁၀ သင်းအတွက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာ Seeder ၁၁ စီးကို တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး လင်းမောင်သက်၊ အဖွဲ့ဝင်(၂) ဦးမောင်မောင်သင်နှင့် ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်တို့က အသင်းဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **စည်သူလင်း (ပြန်/ဆက်)**



သက်ရှည် ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ တပေါင်းပွဲတော်အခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ တပေါင်းပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဘုရားကြီး ရင်ပြင်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တပေါင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘုရားကြီးရင်ပြင်ရှိ စတုဒိသာမဏ္ဍပ်များတွင် ကျွေးမွေးဧည့်ခံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး တပေါင်းပွဲလာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် မဟာမုနိဘုရားကြီးရင်ပြင်တော် ထောင့်လေးထောင့်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရွှေစာရံဘုရားကြီး၏ (၇၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

ပုသိမ်ကြီး မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင်ရွှေစာရံဘုရားကြီး၏ (၇၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရွှေစာရံဘုရားကြီးမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ စီးပွားရေးရာ ဝန်ကြီး ဦးသိန်းငွေ၊ လူမှုရေးရာ ဝန်ကြီး ဦးအောင်ကျော်မိုး၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ရွှေစာရံဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဒုဋ္ဌဝတီမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ရွှေစာရံဘုရားကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်းများဆောင်ရွက်ကာ ဗုဒ္ဓသန္တကဗိမာန်တော်ကြီးတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုစုံလင်စွာဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



အဆိုပါ ဘုရားပွဲတော်ကို တပေါင်းလပြည့်ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ ငါးလွှတ်ပွဲများ၊ ပင့်သံဃာတော်အရှင်သူမြတ်တို့အား စာရေးတံမဲလောင်းလှူခြင်း၊ ရိုးရာခြင်းလုံးအလှခတ်ပွဲများ၊ စတုဒိသာ ကျွေးမွေးခြင်းနှင့် တရားပွဲများ ထည့်သွင်းကာကျင်းပသွားမည်ဖြစ်ပြီး၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ မောင်အေးချမ်း

# ဘီးလင်းမြို့ ဇမ္ဗူပတိကြေးသွန်းဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ဘီးလင်း မတ် ၂၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်ရှိ ဇမ္ဗူပတိကြေးသွန်းဘုရားကြီး၏ ဒသမအကြိမ်မြောက် အနေကဇာတင်ပူဇော်ခြင်း၊ (၁၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကြေးသွန်းဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဘီးလင်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများနှင့် သံဃာတော်များက ဇမ္ဗူပတိကြေးသွန်းဘုရားကြီးအား အရုဏ်တက်ချိန်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။ ယင်းနောက် တက်ရောက်လာကြသောဧည့်ပရိသတ်များက စကားဝါကျောင်းတိုက်ဆရာတော် ဥူးတိသထံမှ ဥပုသ်သီလခံယူဆောက်တည်ကာ အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဘီးလင်းမြို့နယ်အတွင်းရှိ အလှူရှင်များ စုပေါင်း၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြပြီး ဧည့်ပရိသတ်များအား စတုဒိသာဒံပေါက်ထမင်းများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြို့ဦးဇမ္ဗူအေးစေတီတော်မြတ်ကြီး ဌာပနာပိတ်ပွဲနှင့် ရွှေထီးတော်တင်လှူပွဲအခမ်းအနား ကျင်းပ

မှော်ဘီ မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြို့ဦးဇမ္ဗူအေးစေတီတော်မြတ်ကြီး၏ဌာပနာပိတ်ပွဲ နှင့် ရွှေထီးတော်တင်လှူပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မှော်ဘီမြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ဗောဓိရိပ်ငြိမ်ဆရာတော်ကြီးထံမှ သီလဆောက်တည်ခြင်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များ ကပ်လှူခြင်း၊ ဆရာတော် သံဃာတော်များက ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းနှင့် အောင်ဇမ္ဗူတောရဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝံသထံသို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များ ဆပ်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အားပင့်ဆောင်ကာ ဇမ္ဗူအေးစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်ပူဇော်၍ ပန်းရထားဖြင့် ထီးတော်အဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူပူဇော်ပြီး အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်နှင့် ဆရာတော်များက ဘုရားအနေကဇာတင်လှူ၍ ဆုတောင်းမေတ္တာပို့အမျှဝေခဲ့သည်။



အခမ်းအနားသို့ အောင်ဇမ္ဗူတောရဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်၊ ဗောဓိရိပ်ငြိမ်ဆရာတော်၊ မြို့နယ်သံဃနာယက ဆရာတော်နှင့် ဆရာတော် သံဃာတော်များ၊ မှော်ဘီမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်တိုးဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ အောင်ဇမ္ဗူဆရာတော်ကြီး၏ တပည့်ဒါယကာ ဘုရားအလှူရှင် ဦးမြတ်ကျော်၊ တပည့် ဒါယကာ ဒါယိကာမများ၊ ရပ်ကွက်/ကျေးရွာ ၄၃ အုပ်စုမှအုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)

# မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ မိုး/ဇလ



# ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ နှစ် ( ၁၀၀ )ပြည့်ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

ခရမ်း မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့တွင် တည်ထားကိုးကွယ်ခဲ့သည့် သကျမာရဇိန်သွန်းဘုရားကြီး၏ နှစ် ( ၁၀၀ )ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါဘုရားကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပညာဇောတ (ရဲမွန်)ကျောင်းဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များကရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

သကျမာရဇိန် သွန်းဘုရားကြီး၏ နှစ် (၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၃ ကျောင်းမှ ပင့်သံဃာတော် ၄၈ ပါးနှင့် ဗုဒ္ဓဘုရားရှင်ပါ စုစုပေါင်း ၄၉ ပါးတို့အား ဆွမ်းဆန်တော်တစ်တင်းခွဲ အိတ် ၁၀၁ ကျော်နှင့် အလှူငွေကျပ် ၁၂၈၀၀၀၀၀ ကိုလောင်းလှူခဲ့ကြကြောင်းသိရသည်။

ကိုမင်း(ခရမ်း)

■

# သီတဂူနွေရာသီစံကျောင်း(ပြင်ဦးလွင်) သီတဂူစန္ဒြကန္တိကျောင်းဆောင်တော်နှင့် တစ်ပါးနေကျောင်းဆောင်တော်များ ကျောင်းလွှတ်ပူဇော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၄

သီတဂူနွေရာသီစံကျောင်း(ပြင်ဦးလွင်) သီတဂူစန္ဒြကန္တိကျောင်းဆောင်တော်နှင့် တစ်ပါးနေကျောင်းဆောင်တော်များ ကျောင်းလွှတ်ပူဇော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ သီတဂူကုန်းတော်၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ပူဇော်ကြသည်။ ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်များက သီတဂူဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက သီတဂူဆရာတော်ကြီးထံမှ ဩဝါဒကထာများ နာယူကြည်ညိုကြပြီး နဝကမ္မဝတ္ထုငွေများအား သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ထံ ဆက်ကပ်လှူဒါန်းကြကာ အနုမောဒနာတရား နာယူကြည်ညို၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သီတဂူဆရာတော်ကြီး အမှူးပြုပြီး ဆရာတော်၊ သံဃာတော်တို့အား ဆန်ချီစေတီတော်ပေါ်၌ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်





# ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးတွင် ရွှေစင်ရွှေပြားများကပ်လှူပူဇော်

သံဖြူဇရပ် မတ် ၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကျင်းပသည့် ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂုဏ်တော်ကိုးပါးရှိ တနင်္ဂနွေထောင့်မှ မြတ်ဗုဒ္ဓတစ်ဆူ၏ ရွှေကြာသင်္ကန်းတော်အား ရွှေစင်ရွှေပြားများကပ်လှူပူဇော်ခြင်းနှင့် ရေစက်သွန်းချခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ကုန်းတော်ပေါ်ရှိ သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားသို့ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြတ်ဘုရားကြီး၏ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးအလှူရှင်များက ကျိုက္ခမီမြို့ရေလယ်ကျောင်းဆရာတော် ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလခံယူကာ ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ် ရွှေကြက်ယက်စေတီတော်မြတ်ကြီး ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပ

မော်လမြိုင် မတ် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျိုက်ဖနဲနယ်မြေ ရွှေကြက်ယက်စေတီတော်မြတ်ကြီး ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ဩဝါဒါစရိယဆရာတော်များ၊ နာယကဆရာတော်များ၊ သံဃာတော်အရှင်မြတ်များနှင့် ကုသိုလ်ရှင်ပရိသတ်အပေါင်းတို့က "နမောတဿ" သုံးကြိမ် ဗုဒ္ဓပမာဏဝန္ဒနာဖြင့် ရွတ်ဖတ်ပူဇော်ကန်တော့၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အတုလရန်အောင်ဆရာတော်ထံမှ ပရိသတ်များက ကာလပရိယန္တဥပေါသထသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေခေါင်းလောင်းတို့ကို နတ်ပန်းရထားဖြင့် (မင်္ဂလာရွှေဆိုင်းတော်မှ ကောင်းကင်ကြိုးဖြင့် ပူဇော်၍) စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကမင်္ဂလာပူဇော်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အတုလရန်အောင် ဆရာတော်ထံမှ ရတနတ္တယပူဇနိယ ကုသိုလ်အနုမောဒနာတရားနာယူကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ ကုသိုလ်အမျှပေးဝေကာ ဗုဒ္ဓသာသန အဓိဋ္ဌာန်သုံးကြိမ် ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



# တပေါင်းလပြည့်နေ့တွင် ကျိုက်ထိုမြို့နယ်ရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



ကျိုက်ထို မတ် ၂၄

တပေါင်းလပြည့်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ အထင်ကရဘုရားစေတီပုထိုးများနှင့် တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်ထိုမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် ယနေ့နံနက်ပိုင်းမှစတင်ကာ ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားနှင့် ထိုင်တော်မူဂေါတမဘုရားစေတီများသို့ သွားရောက်ကာ ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ တရားတော်များနာယူကြခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာရည်များ ကပ်လှူပူဇော်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ ၂၀-၄-၂၀၂၄ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# အဖိုးတန်ရေကို ချွေတာသုံးစွဲကြပါစို့

ဖြိုးဇင်




"ရေအသက်တစ်မနက် ထမင်းအသက် ခုနစ်ရက်"။

လူတို့သည် အစာမစားဘဲ တစ်လခန့် အသက်ရှင်နေနိုင်သော်လည်း ရေမသောက်ဘဲ ငါးရက် (အလွန်ဆုံး ရက်သတ္တပတ်) ထက်ပို၍ အသက်မရှင်နိုင်ကြပေ။ ထို့ကြောင့် ရေလိုအပ်နေသူတစ်ဦး ရေမရလျှင် ချက်ချင်းအသက်ဆုံးရှုံးနိုင်သဖြင့် "ရေအသက်တစ်မနက် ထမင်းအသက် ခုနစ်ရက်"ဟု ဆိုရိုးစကား ထွက်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် သက်ရှိများ အသက်ရှင်သန်နိုင်ရန်အတွက် ရေကိုအဓိကလိုအပ်သည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရဓာတ်များ မပါဝင်သော်လည်း လူသားများနှင့် သက်ရှိများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် များစွာအရေးပါလျက်ရှိသည်။

### ရေချိုရရှိနိုင်မှုမှာ ကမ္ဘာ့ရေအားလုံး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိ

ကမ္ဘာကြီး၏ မြေမျက်နှာပြင် ၇၁ ရာခိုင်နှုန်းခန့်သည် ရေများဖြင့်ဖုံးလွှမ်းနေပြီး ကမ္ဘာ့ရေအားလုံး၏ ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို သမုဒ္ဒရာများက ပိုင်ဆိုင်ထားသည်။ သို့သော် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သည့် ရေချိုရရှိနိုင်မှုမှာ ကမ္ဘာ့ရေအားလုံး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ဆိုလိုသည်မှာ ကမ္ဘာကြီးတွင် ရေအများအပြားရှိသော်လည်း သောက်သုံးရန် ရေပမာဏမှာ လွန်စွာနည်းပါးနေသည်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအတော်များများ၌ သန့်ရှင်းသော သောက်သုံးရေ ရေချိုရရှိနိုင်မှုနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၇ ဘီလီယံသည် သန့်ရှင်းမှုမရှိသော၊ ရောဂါပိုးမွှားများပါဝင်သော၊ ညစ်ညမ်းသော ရေများကို သောက်ရေအဖြစ် အသုံးပြုခဲ့ရသဖြင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူ ၅၀၅၀၀၀ ခန့်ရှိကြောင်း သိရသည်။ ထို့အပြင် သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များအဖြစ် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ အရေပြားရောဂါများ၊ ရေဓာတ်ခန်းခြောက်သည့်နောက်ဆက်တွဲကျန်းမာရေးပြဿနာများအပြင် ဂေဟာစနစ်ပျက်စီးမှုများနှင့်လည်း ကြုံတွေ့နေရသည်။

လူသားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပုံဖော်ရာတွင် ရေသယံဇာတ ရေရှည်တည်တံ့ရေးသည် အရေးကြီးသဖြင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ၏ ပန်းတိုင်(၆)တွင် "လူသားတိုင်း လက်လှမ်းမီရရှိသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး"နှင့် ပန်းတိုင်(၁၄)တွင် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေချိုသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သည့် နည်းလမ်းများဖြင့် အသုံးပြုရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဟူ၍ ပါရှိသည်။

### စီးပွားရေးနှင့် လူမှုရေးကဏ္ဍတို့ကိုလည်း အထောက်အကူပြု

ထို့အပြင် ရေသည် သက်ရှိတို့အတွက် ကဏ္ဍပေါင်းစုံနှင့်ချိတ်ဆက်နေသည်။ လူသားတို့အတွက် သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိပါက လူသားတို့၏ကျန်းမာရေးကဏ္ဍကို တိုးတက်လာစေမည်ဖြစ်သည်။ ကျန်းမာရေးကဏ္ဍတိုးတက်လာသည့်အတွက် စီးပွားရေးနှင့် လူမှုရေးကဏ္ဍတို့ကိုလည်း အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဟု ဆိုနိုင်သည်။ ပြည်တွင်းတွင် သဘာဝရေသယံဇာတဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် ဟူသည့် ရေချိုမြစ်ကြီး လေးစင်း၊ ယင်းမှ ခွဲဖြာစီးဆင်းသော မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံနှင့်ရေတွင်း၊ ရေကန်များစွာရှိပြီး ၎င်းတို့အားလုံးသည် မြန်မာ့ရေချို အရင်းအမြစ်များပင် ဖြစ်သည်။ နိုင်ငံအတွင်း ရေအရင်းအမြစ် ပိုင်ဆိုင်မှုသည် အာဆီယံတွင် အဆင့်(၁)၊ အာရှတွင် အဆင့်(၅)ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံ (အနိမ့်ဆုံး) သောက်သုံးရေ ဝန်ဆောင်မှုမှရရှိသော ရေကို အသုံးပြုနေကြရပြီး ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည်သာ သန့်ရှင်းပြီး ဘေးကင်းစိတ်ချရသော သောက်သုံးရေဝန်ဆောင်မှုကို အသုံးပြုနေကြောင်း သိရသည်။

မကြာမီတွင် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ အညာဒေသ အပါအဝင် ပူပြင်းခြောက်သွေ့သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးရာသီကုန်၍ နွေရာသီသို့ ရောက်လာသည်နှင့် ရေရှားပါးမှု အခက်အခဲကို နှစ်စဉ် ကြုံတွေ့ကြရသည်။ အချို့ဒေသများတွင် နွေရာသီမရောက်ခင် မိုးကုန်ကတည်းက ရေတွင်း၊ ရေကန်များမှ ရေများ ခန်းခြောက်ကာ သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲခွင့်မရကြဘဲ နွေခေါင်ခေါင် ကာလတွင်မူ ပရဟိတအဖွဲ့များက လှူဒါန်းမည့် ရေအလှူရှင်များကိုသာ အားကိုးနေကြရသည့် ဒေသများလည်း ရှိသည်။

### ရေအလှည့်ကျပေးသည့်စနစ်ဖြင့် သီးနှံများ စိုက်ပျိုးကြရ

အချို့ အပူပိုင်းဒေသများတွင် စိုက်ပျိုးရေးအတွက် ဆည်မြောင်းများမှရေကို အဓိကအားထား၍ လုပ်ကိုင်ကြသော်လည်း ပူပြင်းခြောက်သွေ့၍ ရေပေးဝေမှု အားနည်းချိန်တွင် ရေအလှည့်ကျပေးသည့် စနစ်ဖြင့် သီးနှံများ စိုက်ပျိုးကြရသည်။ ရေရရှိမှု နည်းပါးသည့်အခါ စိုက်ပျိုးရေးထွက်ကုန် အားနည်းခြင်း၊ သီးနှံအရည်အသွေး မပြည့်မီခြင်းနှင့် ရောင်းပန်းမလှခြင်းတို့ကြောင့် တောင်သူများ အခက်အခဲများနှင့် ရင်ဆိုင်ကြရလေ့ရှိသည်။ ထို့ပြင် စိုက်ခင်းများ၌ ဓာတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်း၊ ပိုးသတ်ဆေးများ အလွန်အကျွံ သုံးစွဲခြင်းတို့ကြောင့် ရေအောက်ရှိ သတ္တဝါများ၊ မြေဆီပေါ်ရှိ သတ္တဝါများ သေကျေပျက်စီးသဖြင့် ဂေဟာစနစ်များ ပျက်စီးခြင်း၊ မြေအောက်ရေ ပျက်စီးခြင်းများသည်လည်း ရေရှားပါးမှုဖြစ်လာရန် အကြောင်းတရားများပင်ဖြစ်သည်။

ယင်းအပြင် နွေရာသီတွင် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် ရေကိုရယူရာတွင် ချောင်းပိတ်၊ မြောင်းပိတ်၊ မြစ်ရေတင်လုပ်ငန်းများဖြင့် ရယူရခြင်းများလည်းရှိရာ အချို့ဒေသများ၌ ရေအရင်းအမြစ်နှင့် ဝေးကွာသဖြင့် ရေအလဟဿ ပြုန်းတီးမှုများလည်း ဖြစ်ပေါ်နေသည်။ ထို့ကြောင့် စိုက်ပျိုးရေသုံးစွဲမှုများ စနစ်တကျဖြစ်အောင်၊ မျှတစွာရရှိအောင်၊ လေလွင့်ပြုန်းတီးမှု နည်းပါးစွာဖြင့် အကျိုးရှိစွာ သုံးစွဲနိုင်အောင်၊ ခေတ်မီနည်းစနစ်များအသုံးပြုစိုက်ပျိုးနိုင်အောင် သက်ဆိုင်ရာဌာနများက အသိပညာပေးခြင်း၊ နည်းပညာမျှဝေခြင်းများ ထိရောက်စွာပြုလုပ်ကြရန် လိုသလို စိုက်ပျိုးရေးအတွက် မရှိမဖြစ်သော ရေကို စိုက်ပျိုးရေးကပင် မဖြုန်းတီးမိစေရန် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတိုင်းက သတိချပ်သင့်သည်။

### မိုးခေါင်ရေရှား ပြဿနာများကို ကြိုတင်ကာကွယ်

ရေဆုံးရှုံးမှု ကာကွယ်နိုင်စေရန်အတွက် Organic Farm များ တည်ထောင်ခြင်း၊ ရေလေလွင့်မှုမရှိအောင် နည်းပညာအသုံးပြုထားသည့် ရေဆိုးပြန်လည်သုံးစွဲသည့် စနစ်များကျင့်သုံးခြင်း၊ ပိုးသတ်ဆေးနှင့်မြေဩဇာများ မလိုအပ်ဘဲမသုံးစွဲခြင်းစသည့် နည်းလမ်းများဖြင့် ရေအသုံးပြုမှုကို ကန့်သတ်သင့်ကြောင်း ရေပညာရှင်များက ဆိုကြသည်။ ထို့အတူ ရေဝေရေလဲဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောနှင့် သစ်ပင်များကို ခုတ်ထွင်ခြင်းမပြုရန်နှင့် ဂေဟာစနစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းတို့ဖြင့် မိုးခေါင်ရေရှား ပြဿနာများကို မကြုံတွေ့စေရန် ကြိုတင်ကာကွယ်ထားသင့်သည်။

ထို့အပြင် မိမိတို့နိုင်ငံတွင် ရေအားကို အဓိကထား၍ လျှပ်စစ်မီးကို ရယူနေကြသည်ဖြစ်ရာ ရေအားလျော့နည်းချိန် နွေရာသီတွင် လျှပ်စစ်လုံလောက်စွာ မထုတ်လုပ်နိုင်။ ထို့ကြောင့် လျှပ်စစ်ထုတ်လုပ်ရာဒေသများရှိ ရေလှောင်ကန်များ၊ ရေပေးဝေရာနေရာများတွင် ရေအဝင်နည်းသည့်အခါ လျှပ်စစ်ထုတ်လုပ်ရာတွင်လည်း အခက်အခဲဖြစ်နိုင်သလို မြို့ပြနေပြည်သူများအဖို့ ရေတင်ရဖို့ အရေးပင် အတော်ပင် အခက်အခဲဖြစ်ကြရသည်။

မြို့ပေါ်ဒေသများအတွက် မိမိတို့အိမ်အရောက် ရေကောင်းရေသန့်များရရှိရေး၊ ကျေးလက်ဒေသများအတွက် စိုက်ကွင်းများအရောက် စိုက်ပျိုးရေရရှိရေးတို့ကို နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ဆောင်ရွက်ပေးထားသည်။ မိမိ၏အမှတ်တမဲ့ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အသိပညာနည်းမှုကြောင့်ဖြစ်စေ ရေလေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်တိုင်း ကမ္ဘာပေါ်တွင် လူဦးရေများစွာ မိမိတို့ကဲ့သို့ ရေသုံးစွဲခွင့်မရခြင်းကိုလည်းကောင်း၊ သန့်ရှင်းသော သောက်သုံးရေမရရှိသဖြင့် ဝမ်းရောဂါများဖြင့် နှစ်စဉ် ကလေးငယ်များ သေဆုံးနေရမှုကိုလည်းကောင်း အမှတ်ရမြင်ယောင်ကာ ရေကို ချွေတာသုံးစွဲသင့်ပါသည်။

ရေချွေတာရေး နည်းလမ်းများစွာရှိသည့် အနက် လူတစ်ဦးချင်းစီမှစတင်ကာ လွယ်လင့်တကူ လိုက်နာနိုင်မည့် နည်းလမ်းများဖြင့် လူတိုင်းလူတိုင်း ရေကိုချွေတာသုံးစွဲမည်ဆိုလျှင် ရေသယံဇာတ ထိန်းသိမ်းရာလည်းရောက်သလို ရေရှားပါးသော ဒေသမှပြည်သူများကိုလည်း ကူညီရာရောက်မည် ဖြစ်ပါသည်။ ရေကို အောက်ပါနည်းလမ်းများအတိုင်း ခြိုးခြံချွေတာသင့်ပါသည်-

(၁) သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းများကို ပိတ်ထားခြင်း၊

(၂) ရေပိုက်ခေါင်းများကို မလိုအပ်လျှင် ပိတ်ထားခြင်း၊

(၃) နေအိမ်တွင် ရေစိမ့်/ယိုနေသော ရေပိုက်ခေါင်းများကို ပြုပြင်ထားခြင်း၊

စာမျက်နှာ ၂၂ သို့ ✻

"ရေဆုံးရှုံးမှု ကာကွယ်နိုင်စေရန်အတွက် Organic Farm များ တည်ထောင်ခြင်း၊ ရေလေလွင့်မှုမရှိအောင် နည်းပညာအသုံးပြုထားသည့် ရေဆိုးပြန်လည်သုံးစွဲသည့်စနစ်များ ကျင့်သုံးခြင်း၊ ပိုးသတ်ဆေးနှင့်မြေဩဇာများ မလိုအပ်ဘဲမသုံးစွဲခြင်းစသည့် နည်းလမ်းများဖြင့် ရေအသုံးပြုမှုကို ကန့်သတ်သင့်ကြောင်း ရေပညာရှင်များကဆိုကြသည်။ ထို့အတူ ရေဝေရေလဲဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောနှင့်သစ်ပင်များကို ခုတ်ထွင်ခြင်းမပြုရန်နှင့် ဂေဟာစနစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းတို့ဖြင့် မိုးခေါင်ရေရှား ပြဿနာများကို မကြုံတွေ့စေရန် ကြိုတင်ကာကွယ်"

# ညောင်ရွှေမြို့နယ်၌ ကျေးရွာတွင်း လူကူးတံတားသစ်ဖွင့်ပွဲ ကျင်းပ



ညောင်ရွှေ မတ် ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း လူကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နန်းသဲကျေးရွာ လူကူးတံတားသစ်မုခ်ဦးဆိုင်းဘုတ်ရှေ့၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းနှင့် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က နန်းသဲကျေးရွာတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာတွင်း လူကူးတံတားသစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကျေးရွာတွင်း လူကူးတံတားသစ် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လူကူးတံတားအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာတွင်း လူကူးတံတားသစ်သည် အရှည် ပေ ၁၅၀၊ အကျယ် လေးပေ၊ အမြင့် ၁၀ ပေ ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် သုည ဒသမ ၂၁ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၅ ဒသမ ၂၁ သန်းကို အသုံးပြုကာ ခရိုင်/မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂



✪ ကျော်ဖုံးမှ

မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကုသိုလ်တော်၊ ကျောက်တော်ကြီးနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင်လည်း ကုသိုလ်ပြုဆုတောင်းသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများနေကြသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေစာရံဘုရားနှင့် ဝေဧရာစနကျောက်စိမ်းစေတီတော်တို့တွင် ဗုဒ္ဓပူဇနိယပွဲတော်တို့ကို ကျင်းပလျက်ရှိရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မန္တလေးမြို့ ကျုံးအရှေ့ဘက်ခြမ်းရှိ ပင်လုံးကျွတ်ဖူးပွင့်နေသော သပြေဘူတအပင်များစုဝေးရာ နေရာများတွင် ရပ်နီး၊ ရပ်ဝေးမှ လာရောက်၍ အလှဓာတ်ပုံရိုက်ကူးခြင်းနှင့်အတူအပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့ဒေသခံတစ်ဦးဖြစ်သူ ကိုပြည့်စုံက "အလုပ်အားလပ်ရက်လည်းဖြစ်၊ တပေါင်းလပြည့်နေ့လည်းဖြစ်တဲ့ ဒီနေ့မှာ မန္တလေးမြို့က ဘုရားတွေကို မိသားစုနဲ့အတူ ဖူးမြော်ရတဲ့အတွက် ရင်ထဲမှာ ဝမ်းသာကြည်နူးမိပါတယ်။ အခုကျုံးအရှေ့ဘက်ခြမ်းမှာရှိတဲ့ သပြေဘူတအပင်တွေကလည်း အရမ်းလှပပြီး ဖူးပွင့်နေတဲ့အတွက် မိသားစုအမှတ်တရ ဓာတ်ပုံရိုက်ရင်း ဝင်ရောက်အနားယူနေကြတာပါ။ ညနေပိုင်း ဘုရားကြီးမှာ တပေါင်းပွဲတော်ရှိတယ်လို့ကြားတဲ့အတွက် ဘုရားဖူးရင်း တပေါင်းပွဲတော်ကိုပါဝင်ဆင်နွှဲဖို့သွားမှာပါ"ဟု ပြောသည်။

ယနေ့ညနေပိုင်းတွင် မန္တလေးမဟာမုနိဘုရားကြီး၌ တပေါင်းပွဲတော်အဖြစ် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဒေသခံပြည်သူလူထုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ညနေ ဖနာရီမှစတင်၍ ဘုရားကြီးရင်ပြင်တော် ထောင့်လေးထောင့်တွင် ဆီမီး ၁၀၀၀၀ အား ထွန်းညှိပူဇော်ခဲ့ကြရာ ဘုရားဖူးလာပြည်သူများကလည်း စိတ်ကြည်နူးစွာပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ဘုရားကြီး ၄၅ တာကွင်းအတွင်း၌လည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် မြို့နေပြည်သူလူထုအပါအဝင် ကုသိုလ်ရှင်များက ပွဲတော်လာပြည်သူလူထုအား စတုဒိသာကျွေးမွေးလှူဒါန်းကုသိုလ်ယူကြသည့်မြင်ကွင်းသည်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာကို အထူးပေါ်လွင်စေခဲ့သည့်အပြင် အဆိုပါတပေါင်းပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ အပန်းပြေစေရန်အတွက် ဖျော်ဖြေရေးအစီအစဉ်အဖြစ် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ ပါဝင်သည့် အငြိမ့်အဖွဲ့များက ညှော်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၁၅၀ |
| 95 Ron | ၂၉၀၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၁၀ | ၂၉၅၀ | ၂၉၇၅ | ၂၉၆၀ | ၂၉၃၅ | ၃၀၃၅ | ၃၀၅၀ | ၂၉၄၀ | ၂၉၆၀ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၀ | ၃၂၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၂ | ၂၈၆၁ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၉၆ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၄၂ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❋ စာမျက်နှာ ၂၁ မှ

(၄) ရေချိုးခန်းတွင် ရေပန်းခေါင်းကို လိုသလောက်သာ ဖွင့်ခြင်း၊

(၅) ရေကို ခွက်သေးသေးဖြင့်သာချိုးခြင်း၊

(၆) မိုးရေကို စုဆောင်းထားခြင်း၊

(၇) ဘုရားပန်းအိုးရေ၊ ဆန်ဆေးရေ စသည့် စွန့်ပစ်ရေများကို အပင်ရေလောင်းခြင်း စသည့် ပြန်လည်အသုံးပြုနိုင်သည့် နေရာများတွင် အသုံးပြုခြင်းဖြင့် နွေရာသီ၌ ရေကို ချွေတာနိုင်ပါသည်။

ရေအရင်းအမြစ် ရှားပါးသည့် နွေရာသီတွင် စိုက်ပျိုးရေးအတွက် ရေမလုံလောက်မှုများ မဖြစ်ပေါ်စေရန် အစက်ချရေသွင်းစနစ်အသုံးပြုခြင်း၊ အချိန်ကိုက် ရေသွင်းစနစ်များ အသုံးပြုခြင်း၊ ရေငတ်ဒဏ်ခံနိုင်သောအပင်များ ရွေးချယ်စိုက်ပျိုးခြင်း၊ အခြောက်စိုက်ပျိုးခြင်းနည်းလမ်းများ၊ သဘာဝမြေဩဇာများအသုံးပြုခြင်း၊ အော်ဂဲနစ်သီးနှံများစိုက်ပျိုးခြင်းနှင့် ရေသိုလှောင်ကန်များထားရှိခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် တစ်ဦးချင်းမဟုတ်သည့် အစိုးရဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင်လည်း ရေသုံးစွဲမှုလျော့နည်းကာ အလေအလွင့်မရှိစေရေးအတွက် ဌာနဆိုင်ရာအလိုက် အသိပညာများဖြန့်ဝေခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းတို့ဖြင့် ရေအရင်းအမြစ်များ မဆုံးရှုံးစေရန် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် လူတိုင်းရေချိုးသည့်အခါ အလေအလွင့်မရှိစေရေး ထိန်းသိမ်းလုပ်ဆောင်ပါက တစ်မိနစ်လျှင် ရေဂါလန် သန်း ၅၀၀ သက်သာစေသည်ဟု ကျွမ်းကျင်သူများက ဆိုကြသည်။

နိုင်ငံတော်အနေဖြင့် ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်တန်းပေးခြင်း၊ အဝီစိတွင်းများတူးဖော်ပေးခြင်း၊ ဆည်တာတမံများဆောက်လုပ်၍ ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေအောက်ရေထိန်းတာတမံများ ဆောက်လုပ်ပေးခြင်း၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများအပါအဝင် ရေဝေရေလဲဒေသများထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ မြစ်ချောင်း အင်းအိုင်ကန်များ စသည့်ရေအရင်းအမြစ်များ ကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက နည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ပေးလျက် ရှိနေသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများနှင့် ရေဆိုင်ရာအခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေး ဗဟိုကော်မတီ၊ အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီ၊ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီတို့ကို စနစ်တကျဖွဲ့စည်းထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိနေပါသည်။

မြန်မာတို့၏ ရိုးရာစကားပုံတွင် "ရွှေကိုမလိုရေကိုသာလိုသည်"ဟု ဆိုရိုးတစ်ခုရှိသည်။ မိုးခေါင်ရေရှားအရပ်ဒေသရှိ ကျေးလက်ဒေသမှ ပြည်သူများအတွက်မူ အဖိုးတန်ရွှေကို မလိုအပ်ဘဲ ရွှေထက်တန်ဖိုးကြီးသည့် ရေသယံဇာတကိုသာ လိုချင်ကြောင်း ညွှန်းဆိုထားခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် ငွေရှိလျှင်တောင်မှ ပူပြင်းသည့်နွေရာသီ၌ ရေကို ငွေပေးဝယ်၍ မရနိုင်သော ဒေသများလည်း ရှိနေသည်။ ထို့ကြောင့် ပြည်သူတိုင်း သန့်ရှင်းသော ရေ သုံးစွဲနိုင်ရေး ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိသလို ပြည်သူတစ်ဦးချင်းစီတိုင်းကလည်း ရှိရင်းစွဲ ရေသယံဇာတများကို ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် ရေသယံဇာတကို ပူးပေါင်းပါဝင်ထိန်းသိမ်းရာရောက်သလို မိမိတို့အတွက် အရေးပါလွန်းလှသည့်ရေကို မိမိမှစ မိသားစု၊ အဖွဲ့အစည်း၊ ရပ်ရွာ/မြို့နယ်အလိုက် ထိန်းသိမ်းချွေတာသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပ

နေပြည်တော် မတ် ၂၄

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် (တပေါင်းလပြည့်နေ့) ယနေ့တွင်ကျရောက်သော တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်းက တပေါင်းလပြည့် တိုင်းရင်းဆေးသမားတော်နေ့ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးတို့အား အထိမ်းအမှတ်ပစ္စည်းများကို နေရာလက်ရောက်ပေးအပ်ခဲ့သည်။



ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူ တိုင်းရင်းဆေးသမားတော်ကြီး ဦးဉာဏ်လွင်နှင့် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဆရာကြီးဦးဝထွန်းတို့အား ဂုဏ်ပြုလက်မှတ်နှင့် အထိမ်းအမှတ်ပစ္စည်းများကို ပေးအပ်ပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဆရာကြီး ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဆရာကြီး ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေး) တို့အား အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူ ဆရာကြီး ဦးဝထွန်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများ တိုင်းရင်းဆေးပညာရှင် ဝန်ထမ်းများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ တိုင်းရင်းဆေးသမားတော်များ တက်ရောက်ကြကြောင်း သိရသည်။

**တီအမ်**

## ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးများကို အစဉ်အောက်မေ့ သတိရနေစေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၄

ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော မြန်မာ့ တိုင်းရင်းဆေးသမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးများကို အစဉ်အောက်မေ့ သတိရနေစေရန်အတွက် (တပေါင်းလပြည့်နေ့) မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Center၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း) ဆရာကြီး ဒေါက်တာအောင်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တိုင်းတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အစဉ်အလာကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ တိုင်းရင်းဆေးသမားတော်များအား စည်းလုံးညီညွတ်မှုရရှိစေရန်၊ တိုင်းရင်းဆေးသမားတော်များ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းမြင့်မားစေရန်၊ တိုင်းရင်းဆေးပညာကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးသမားတော်များအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သမားတော်နေ့အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်တော်ရှည်သမားတော်ကြီးများအား ပူဇော်ငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပြီး တက်ရောက်လာသူများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြရာ ကန်တော့ခံသမားတော်ကြီးများကိုယ်စား သမားတော်ကြီး ဆရာကြီးဦးဉာဏ်လွင်က ဩဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဌေးနိုင်**

○ **လူငယ်လက်ရွေးစင်မှ**

ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို မိနစ် ၄၀ တွင် အောင်မင်းခန့်နှင့် ၅၅ မိနစ်တွင် ညီညီအောင်တို့က သွင်းယူပြီး မြန်မာ ယူ-၁၉ အသင်းအတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ထွန်းနိုင်စိုးက သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင် အမျိုးသားအသင်းမှာလည်း နိုင်ငံတကာခြေစမ်းပွဲအတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် မတ် ၂၂ ရက်၊ ၂၃ ရက်က Training Match ယှဉ်ပြိုင်ကစားခဲ့သည်။ နှစ်သင်းစလုံးကစားသမားများ၏ ခြေစွမ်းကို အဓိက စမ်းသပ်ခဲ့ပြီး မြန်မာ ယူ-၁၆ အသင်းက ပထမပွဲတွင် သုံးဂိုး-တစ်ဂိုး၊ ဒုတိယပွဲတွင် ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းကို ဂျပန်နိုင်ငံသား မိတမီချိတိုက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ပဏာမ ကစားသမားများ ရွေးချယ်ရန် ခြေစမ်းပွဲကစားနေခြင်း ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## မြန်အောင်မြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပြီးစီးသော လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြန်အောင် မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံစစ်ဆေးရေးအရာရှိချုပ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

မြန်အောင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော လမ်း၊ တံတားလုပ်ငန်းများအခြေအနေကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)က ရှင်းလင်းတင်ပြရာ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံစစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းနှင့် ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းတို့က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကား ပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဘိုကလေးမြို့နယ်တွင် စစ်မှုထမ်းခြင်း မပြုလိုသည့် ရပ်ကွက်၊ ကျေးရွာ အုပ်စုအားလုံးရှိ အသက်ပြည့်မီသည့် လူငယ်များအားလုံး ငွေကျပ် ၅၀၀၀၀ ပေးနေရကြောင်း ကောလာဟလ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် စစ်မှုထမ်းခြင်းမပြုလိုသည့် ရပ်ကွက်၊ ကျေးရွာ အုပ်စုအားလုံးရှိ အသက်ပြည့်မီသည့် လူငယ်များအားလုံး ငွေကျပ် ၅၀၀၀၀ ပေးနေရကြောင်း ကောလာဟလ သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒေသခံမိဘပြည်သူများ စစ်မှုထမ်းနှင့်ပတ်သက်၍ ကောလာဟလ သတင်းအမှားများကြောင့် စိုးရိမ်ပူပန်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများက စစ်မှုထမ်းဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေကောက်ခံမှု မရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများဖြင့် ဝါဒဖြန့်လုပ်ကြံဖန်တီး ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားလျက်ရှိသဖြင့် မိဘပြည်သူများနှင့် လူငယ် လူရွယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် စစ်မှုထမ်းဆိုင်ရာ အသိပညာပေး သတင်းများ၊ ထုတ်လွှင့်ချက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့် အသိပေးလျက်ရှိပြီး https:// mod.gov.mm/node/74 တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Khaing Khaing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အမှတ်(၄)ရပ်ကွက်နေ မြင့်မြင့်ခိုင်အား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Soe Mtm” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အမှတ်(၂) ရပ်ကွက်နေ မြင့်သူမိုးအား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့နှင့် ညောင်တုန်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



မမူမဦး(ခ)နန်းဦးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၂၄

တောင်ကြီးမြို့နှင့် ညောင်တုန်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် ရွှေပြည်စိုးလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမူမဦး(ခ)နန်းဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စု ပန်တိုင်ပူးပေါင်းစစ်ဆေးရေးစခန်းအနီးတွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် စိုင်းတိုးပိုင်(ခ)အရှည်ကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၃-၂၀၂၄ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စွန့်ဦးတီထွင်မှုမှသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဆီ
- ၀၉:၁၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများအားပေးစို့
- ၀၉:၃၅ (၇၉)နှစ်မြောက် တပ်မတော်နေ့ ဝုဏ်ပြုတေး
- ၁၀:၃၀ Economic Review
- ၂၁:၀၀ ဘဝနှင့်အနုပညာ **‘သကြြန်မိုးနှင့်ဖွင့်လန်းခဲ့သောပန်းကလေး’** (အပိုင်း-၁)
- ၁၃:၃၀ MRTV National News
- ၁၄:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း
- ၁၅:၃၅ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၃၅ (၇၉)နှစ်မြောက် တပ်မတော်နေ့ ဝုဏ်ပြုတေး
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ချစ်သူအနားကချစ်လိပ်ပြာ’** (အပိုင်း-၂၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၉)နှစ်မြောက် တပ်မတော်နေ့ ဝုဏ်ပြုတေး
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘တော်ဝင်စားဖွဲ့’** (အပိုင်း-၁၂)
- ၂၂:၂၀ မြန်မာဇာတ်လမ်းတွဲ **‘ဝိန်းကြာပက်၌တင်သောရေ’** (အပိုင်း-၉)

**mitv**

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Ecotourism: Naga Traditional Customs
- 07:27 The Man and The Elephant (Part-I)
- 07:43 The Art of Sand Painting
- 07:53 Dances of Myanmar: Akha Traditional Dance
- 08:01 News
- 08:26 Asia Updates; NFT Town (NHK World)
- 08:31 Sri Ksetra, Field of Fortune & Glory (Part-1)
- 09:51 Paper Flower
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 4) 1970-1989
- 09:38 Kayah
- 09:45 Popsicle Sticks Art Creator
- 10:32 Listening Pleasure, Instrumental Music (Horn Violin) Special Show

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ပြူပဒေသာ(မှတ်ပြိုလားစိန်မေ)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** လုပဆင်ယင်ခမ်းတီးအဆင်
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** အေးချမ်းပျော်ရွှင်ပက်မန်းတစ်ခွင်
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ကချင်ဝတ်အုချောင်း
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ကော်ယော်(ဗိုန့)ဒေသသို့
- **ပကြောကရင် (၁၆:၀၀ မှ ၁၇:၀၀)** ကရင်ရိုးရာကြက်သားသုပ်
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** အုံ့ညှိဖွယ်ရာပဒ္ဒူမြေမှာ
- **ချင်း (လိုင်စိုး) (၁၉:၀၀ မှ ၂၀:၀၀)** ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပလွေမှုတ်
- **ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** ငှက်ပျောသီးနှင့်ကျန်းမာရေး
- **မွန် (၂၁:၀၀ မှ ၂၃:၀၀)** သံတောင်မြို့အလှနှင့်ဘွဲ့ကရင်တိုင်းသားတို့ရဲ့သဘာဝ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ အနောက်ပိုင်းအတွင်းဗိုဗိုလီးယား(အပိုင်း-၁၁)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ကိုရီးယားနိုင်ငံ’**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘သူတစ်ပါးအငယ်ဆောင်ခြင်း’**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ဝင်ကာပူနိုင်ငံ’**
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၂၆)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နေကြာစိုက်ပါပျားမွေးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ The Farther-2020 (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ သဘော်ပင်စိုက်ပျိုးနည်းအကြောင်း
- ၂၂:၀၀ ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တပ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# တိုက်စစ်မှူး အမ်ဘတ်ပီက ပီအက်စ်ဂျီအသင်းမှ ပြောင်းရွှေ့မည့်အသင်းကို ယူရို ၂၀၂၄ ပြိုင်ပွဲမတိုင်မီ ကြေညာမည်ဟု ထုတ်ဖော်ပြောကြား



ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပေမယ့် အနာဂတ်မှာ ဘယ်အသင်းဆီ ပြောင်းရွှေ့ဖြစ်မယ်ဆိုတာနဲ့ ပတ်သက်ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲမတိုင်မီ ထုတ်ဖော်ပြောကြားသွားမှာဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ယခုနွေရာသီကာလမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာ ဖြစ်တာကြောင့် ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာတော့မှာဖြစ်တယ်လို့လည်း ပီအက်စ်ဂျီအသင်းကို ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ၂၀၂၂ ခုနှစ် နွေရာသီဈေးကွက်အတွင်း ကတည်းက ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေရှိခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့တာကြောင့် အပြောင်းအရွှေ့ကိစ္စပျက်ခဲ့ရတာ ဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအချိန်မှာတော့ တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူဖို့ သဘောတူညီချက်ရရှိထားပြီဖြစ်တယ်လို့ ရီးယဲလ်မက်ဒရစ်အသင်းက ကြေညာခဲ့ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး အမ်ဘတ်ပီဟာ နွေရာသီဈေးကွက်အတွင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖို့လည်းရှိနေတာဖြစ်ပါတယ်။ အဲဒီလို ရီးယဲလ်မက်ဒရစ်အသင်းက တရားဝင်ထုတ်ဖော် ပြောကြားထားပေမယ့် ကစားသမားကိုယ်တိုင်ကတော့ ပီအက်စ်ဂျီအသင်းကနေ ဘယ်အသင်းကို ပြောင်းရွှေ့မယ်ဆိုတာနဲ့ ပတ်သက်ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲ မတိုင်မီ ကြေညာသွားမှာလို့ ဆိုပါတယ်။ ယူရို ၂၀၂၄ ပြိုင်ပွဲကတော့ ဇွန် ၁၄ မှာ စတင်ကျင်းပမှာ ဖြစ်ပါတယ်။

# ပြင်သစ်မြေမှာ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ ဂျာမနီ



ပြင်သစ်အသင်းနဲ့ ဂျာမနီအသင်းတို့ မတ် ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ဂျာမနီအသင်းက ပြင်သစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဂျာမနီအသင်းဟာ ပွဲစပြီး တစ်မိနစ်မှာပဲ ဖလော်ရီယန်ဝါ့ဇ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၄၉ မိနစ်မှာ ကိုင်ဟာဗက်ရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့လို့ ပြင်သစ်မြေမှာ ဂျာမနီတို့ အောင်ပွဲခံနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ် ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဂျာမနီအသင်းအနေနဲ့ နိုင်ငံတကာပွဲစဉ်သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့တာဖြစ်ပြီး ဂျာမနီအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ ဖလော်ရီယန်ဝါ့ဇ်ဟာလည်း ဂျာမနီကစားသမား ဘဝ စက္ကန့်ပိုင်းအတွင်းဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အခြားသော နိုင်ငံတကာ ခြေစမ်းပွဲစဉ် တွေမှာတော့ အာဂျင်တီးနား အသင်းက အယ်လ်ဆာဗေးဒိုး အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ကင်ညာအသင်းက မာလာဝီအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဩစတြီးယားအသင်းက ဆလိုဗက်ကီးယား အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရာဇီးအသင်းက အင်္ဂလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တူနီးရှားအသင်းနဲ့ ခရိုအေးရှားအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဒိန်းမတ်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်မှာ ဂိုးမရှိသရေ၊ အိုင်ယာလန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ အိုင်ဗရီကို့စ်အသင်းနဲ့ ဘီနင်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေ၊ ဇမ်ဘီယာအသင်းနဲ့ ဇင်ဘာဘွေအသင်းတို့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီး ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အန်ဒီမာရေး မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အက်ချီဗာရီကို အနိုင်ရ

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးနဲ့ အာဂျင်တီးနားတင်းနစ်ကစားသမား အက်ချီဗာရီတို့ မတ် ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်မှာ အန်ဒီမာရေးက အနိုင်ရရှိခဲ့တာကြောင့် တတိယအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အက်ချီဗာရီဟာ ယခုနှစ်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အန်ဒီမာရေးကို အနိုင်ရရှိခဲ့တာဖြစ်ပေမယ့် ယခုမီယာမီအိုးပင်း တင်းနစ်ပြိုင်ပွဲမှာတော့ အန်ဒီမာရေးက ၇-၆(၇-၀)၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အန်ဒီမာရေးဟာ အက်ချီဗာရီကို အနိုင်ရရှိကာ မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် မီယာမီအိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲရဲ့ ၃၂ ဦးအဆင့်မှာ ချက်တင်းနစ်ကစားသမား သောမက်မာချက်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အန်ဒီမာရေးဟာ မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံနှစ်ကြိမ်ဖြစ်ထားတဲ့ ကစားသမားလည်းဖြစ်ပါတယ်။


**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်-၆၇၈(မြေညီ)(ခြေရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော ဦးစိုင်းလင်းကို [၇/လပတ(နိုင်) ၁၆၅၅၅၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမင်းမင်း [၁၄/လမန(နိုင်) ၀၇၈၆၉၇] နှင့် ဒေါ်နန်းမေဘယ်(လ်)ချစ်ထွန်း [၁၂/ရပသ(နိုင်) ၀၀၇၂၂၈]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်း+ဒေါ်နန်းမေဘယ်(လ်)ချစ်ထွန်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၀/၁၃-၉-၂၀၁၂)**
**အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ၀ေ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**



**"အများသိစေရန် ကြေညာခြင်း"**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၇၁၂)တွင် နေထိုင်သော ဒေါ်လှလှရီ[၁၂/ပဘတ(နိုင်)၁၁၆၃၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏သားဖြစ်သော မောင်အောင်ညီညီမင်း (ဘ)ဦးဂျေဘအောင်[၁၂/ပဘတ(နိုင်)၀၄၀၅၈၄]သည် မိခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံ၊ မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒဖြင့် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း၊ ၎င်း၏ကိစ္စ အဝဝကိုလည်း မိခင်ဖြစ်သူမှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် ၎င်း၏ဆောင်ရွက်မှုများသည်လည်း မိခင်နှင့်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ )

**လွှဲအပ်ညွှန်ကြားသူ**
**မိခင် ဒေါ်လှလှရီ**
**[၁၂/ပဘတ(နိုင်)၁၁၆၃၅၇]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းထိုက်စိုး( LL.B, D.B.L )**
**အထက်တန်းရှေ့နေ(စဉ်-၂၃၀၁၁ )**
**အမှတ်(၁၀၄၃)၊ ဩဏ္ဍာ(၉)လမ်း၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၆၈၆၅၊ ၀၉-၇၉၉၃၀၈၀၅၃**



**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇-ရပ်ကွက်၊ (၁၆)လမ်း၊ အိမ်အမှတ်-၃၇၊ ၄လွှာနေ ဒေါ်ခင်အေး(ခ)ဒေါ်ရောခင် [၁၂/မရက(နိုင်)၁၁၀၅၄၃]၏သား မောင်မင်းဇော်[၁၂/မရက(နိုင်)၀၀၁၆၄၃]သည် မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ် နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်မင်းဇော်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း မောင်မင်းဇော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေး(ခ)ဒေါ်ရောခင်**
**[၁၂/မရက(နိုင်)၁၁၀၅၄၃]**
**လမ်းမတော်မြို့နယ်။**



**အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**



**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/တပင်ရွှေထီး၊ မြေကွက်အမှတ်-၅၁၆/ခ၊ ဧရိယာ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ ဒေါ်ဝင်းဝင်းမြင့်(Q/RGN- 017414)အမည်ပေါက်လျက်ရှိသည့် ပါမစ်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှတရားဝင်ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးဝင်းထွန်း(၁၂/ဒလန(နိုင်) ၀၀၉၇၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ထွန်းစံ(၉/မဟမ(ဧည့်) ၀၀၀၀၀၇)ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်စန်းစန်းမော်** (LL.B.)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၈၇/၉၇)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၉၃၈၈၄,၀၉-၇၆၅၁၉၃၈၈၄



**ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေရပ်ကွက်အမှတ်-(၇)၊ ဗိုလ်ရန်နိုင်ပန်းခြံ(၁)လမ်း၊ အမှတ်(၂၀၉)၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးလှဖေ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်၏ ခေါင်းရင်းခြမ်း အကျယ်ပေ(၂၀x၆၀)ပေရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါလိပ်စာရှိမြေကွက်အားအဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဘိုနိုင် [၁၄/ဘကလ(နိုင်)၂၁၃၀၄၆] ကိုင်ဆောင်သူတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်ဖြူဖြူခင်[၁၂/ဗဟန(နိုင်)၀၅၄၆၄၈]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍(၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူခင်**
**အမှတ်(91-A3/3)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း၊ 09-5003989, 09-664918600, 09-5003174**



**အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ-၁လမ်း၊ အမှတ်-၅၄၆/ခ၁၃-လွှာ (ခေါင်းရင်း) အကျယ်အဝန်း(၁၂ ၁/၂' x ၅၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားဦးကျော်ထူး [၁၂/ဒပန(နိုင်)၁၆၆၄၉၈] က အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ဝယ်ယူကာ ရောင်းချခွင့်ရှိကြောင်း၊ အခြားသူတစ်ဦးဦးတို့အား ရောင်းချ၊ ပေါင်နှံ၊ပေးကမ်း၊ လှူဒါန်း၊တစ်နည်းနည်းဖြင့်ဆောင်ရွက်ထားခြင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြု ရောင်းချခဲ့သည့်အတွက်ကျွန်ုပ်မိတ်ဆွေမောင်ချမ်းပြည့်အောင် [၁၂/မဂတ(နိုင်)၀၀၂၇၂၀]က ကာလတန်ကြေးပေးချေ၍ ဝယ်ယူထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊တစ်နည်းနည်းဖြင့်ဆောင်ရွက်ခြင်း၊ အခွင့်အရေး တောင်းခံခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါကပြုလုပ်သူမည်သူကိုမဆိုတည်ဆဲဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်လွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**



**ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြို့သစ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၊ လူနေရပ်ကွက်အမှတ်- ၀ဘောဂီ၊ မြေကွက်အမှတ် - ၁၇၄၊ ဧရိယာ (၁၅၀၀ စ/ပေ) ၊ မြေအကျယ်အဝန်း (၃၀ပေx ၅၀ပေ)ရှိ နှစ် (၆၀) မြေငှားဂရန် မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်အေး (RGN-၀၁၁၃၄၄) ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်မြင့်မြင့်အေး [၁၂/ဥကတ (နိုင်) ၁၆၃၉၆၉] နှင့် ဒေါ်နီနီထွေး [၁၂/ဥကတ(နိုင်) ၀၇၄၀၄၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ယင်းမြေကွက်အား လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြလျက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သဖြင့် ယင်းမြေကွက်နှင့် နေအိမ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိသူတို့က ခိုင်လုံသောအထောက်အထား မူရင်းနှင့်တကွ ဤကြေညာပါသည့်ရက်မှအစပြု၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်သန္တာမျိုးဦး**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၄၅၉)**
**အမှတ် (၈၉၁)၊ ရန်ပြေ (၃) လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၀၃၅၄၈၇**

**ပတ်စ်ပို့ပျောက်**

ကျွန်မ ဒေါ်ထုခေါင်[၁/မကန(နိုင်)၀၀၀၁၅၃]၏ ပတ်စ်ပို့နံပါတ်(MA-704701) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၀၃၇၃၇၁၁**

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်သိမ်းစင်း**

**အသက်(၈၀)နှစ်**

သူငယ်ချင်း ဗိုလ်ကြီး ကိုလေး(အငြိမ်းစား)၏ မိခင် ဒေါ်ခင်သိမ်းစင်း အသက်(၈၀)နှစ်သည် ၂၄-၃-၂၀၂၄ ရက် နံနက် ၁၀:၃၀ နာရီတွင် မိတ္ထီလာမြို့နေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ-၉၈ ကျောင်းဆင်းသူငယ်ချင်းများ**

**ဒေါ်စိန်မြိုင်**

**ဆရာမ (ငြိမ်း)၊ အထက (၁)ဒဂုံ**

**အထက(၁၈) နန်းတွင်း (မန္တလေး)**

**တပ်မတော်ကလေးများကျောင်း (ဗထူးတပ်မြို့)**

**တပ်မတော်ကလေးများကျောင်း (မိတ္ထီလာ)**

**အထက(၄) မန္တလေး**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပေါက်စေတီလမ်းသွယ်(၁)၊ ခြံအမှတ်(၁)နေ (ဦးစိန်ညွန့်-ဒေါ်ငြိမ်း)တို့၏သမီး၊ (ဗိုလ်မှူးသန်းဆွေ)၏ဇနီး၊ ဦးမိုးမြင့်သိန်း-ဒေါ်မြတ်နွယ်၊ (ဦးဘမြင့်)-ဒေါ်စုငယ်၊ ဦးမြတ်မိုး-(ဒေါ်အေးပြုံးဆွေ)၊ (ဦးကျော်မင်း)-ဒေါ်နီနီဆွေ၊ ဦးထူးအံ့-ဒေါ်ဥမ္မာရွှေ၊ ဦးချမ်းငြိမ်း-ဒေါ်ယုယုအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၃-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၆-၃-၂၀၂၄(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၄ (စနေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ရက်လည်ဆွမ်းကပ်လှူ၍ တရားတော်နာကြားမည်ဖြစ်ပါ၍ ပေါက်စေတီကျောင်းတိုက်၊ ပေါက်စေတီ(၁)လမ်း၊ မရမ်းကုန်းမြို့နယ်သို့ ကြွရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ လူနေရပ်ကွက်အမှတ်-၈၊ နဝဒေးလမ်း၊ မြေကွက်အမှတ်-၅၆(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးအောင်ကျော် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ (၃)ထပ်အဆောင်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးလှဝင်းအောင် [၉/မထလ(နိုင်)၁၇၃၂၅၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဇော်ဝင်း[၁၂/မဂဒ(နိုင်)၀၁၀၈၇၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီးကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်ဇော်ဝင်း[၁၂/မဂဒ(နိုင်)၀၁၀၈၇၁]**
**အမှတ်-၁၆၄ ၊ ဗဟိုလမ်း၊**
**(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉**

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မင်းနန္ဒာအိမ်ရာ၊ မင်းနန္ဒာလမ်း အမှတ်- ၅ ဟုခေါ်တွင်သော မြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁/တိုးချဲ့၊ လူနေရပ်ကွက်အမှတ်- မင်းနန္ဒာအိမ်ရာ၊ မြေကွက်အမှတ်- ၂၇၉၊ ဧရိယာ (၀.၁၆၁) ဧက အကျယ်ရှိ နှစ် (၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ တန်ဖိုးငွေများအားလုံးကို မြေကွက်တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူ ဦးတေဇ [၁၂/ကမရ(နိုင်)၀၂၈၀၉၀] ထံသို့ ကျွန်ုပ်၏မိတ်ဆွေများမှ အပြေအကျေပေးချေ၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေများ၏ အမည်ပေါက်ဖြစ်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်- ၆၇၀၂**
**တိုက်အမှတ်- ၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း- ၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်(၁၃၂၁)၏ မြေအကျယ်အဝန်း(၄၁x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၁၃၂၂)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဒေါ်ခင်အေးမူ(AC-၀၂၇၇၅၆) အမည်ပေါက် နှစ်(၆၀)ဂရန်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်တင်ဝင်း[၁၄/ဝခမ(နိုင်)၀၃၃၄၄၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)**
**(LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.B.L,D.I.L,WIPO Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

**"ဦးဇော်မြင့်ထွန်း [၁၂/သကတ(နိုင်)၁၄၁၇၄၉]နှင့် အများသိစေရန်ကြေညာခြင်း"**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုဆုမြတ်[၁၂/သကတ(နိုင်)၁၈၂၃၂၅]နှင့် ဦးဇော်မြင့်ထွန်း [၁၂/သကတ (နိုင်)၁၄၁၇၄၉] တို့၏ နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများဖြစ်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း ယာဉ်အမှတ် (7G-4007)၊ GE.6၊ နို့စိမ်းပြာရောင် မော်တော်ယာဉ်တစ်စီး၊ "Music Men" ဂစ်တာအရောင်းဆိုင်တွင်ရှိသော ဂစ်တာများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သော သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အ.မ.က(၁၆) ရှေ့ရှိ ဆိုင်ခန်းအမှတ်(၃)၊ (အလျား၁၀ ပေxအနံ၁၅ ပေ)ရှိ ဆိုင်ခန်း(၁) ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်ကမ်းနားလမ်း၊ အမှတ်(၃၂)၊ (၅-လွှာ/B)၊ ခြေရင်းခန်းရှိ တိုက်ခန်း(၁)ခန်း စသည့် အထက်ပါပစ္စည်းများကို ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုဆုမြတ်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် ဦးဇော်မြင့်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဇမ္ဗူသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး၊ လမ်းတံတား၊ သာသနာ့ ဒါယိကာမကြီး**

**ဂုဏ်ထူးဆောင်နာယက (မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း - မန္တလေး)**

**အကြံပေး (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်)**

**ဥက္ကဋ္ဌ (သုဇာတာ ဖောင်ဒေးရှင်း)**

**အာဆီယံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၁၇)**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် B.Sc(Chemistry)**

**New Star Gems & Jewellery**

**အသက် (၆၃) နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးလထော်တူး-ဒေါ်ရန်ဆွေလျှန်)တို့ ၏သမီး၊ မန္တလေးမြို့နေ ဦးလော်ပူး-(ဒေါ်ဆွေရင့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရန်အောင်( Vice Chairman, CB Bank၊ ဥက္ကဋ္ဌ-သိဒ္ဓိအောင်ရွှေမိုးကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ - မန္တလေးအောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ-ရန်ကုန်ရင်လုံဂေါက်ရိုက်အသင်း၊ ဒုတိယဥက္ကဋ္ဌ- ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း) ၏ ချစ်လှစွာသောဇနီး၊ ကိုမင်းခန့်လွင်(Chairman Grand Sirius Company Limited၊ Deputy General Manager, CB Bank)-မခင်သန္တာရင်၊ ကိုသန့်စိန် (Executive Director, Grand Sirius Company Limited )-မမေဖြိုးဟန် (Dynasty Gems & Jewellery )၊ ကိုစိုးဝင်းထက်အောင် (Co-founder, Pocket Nicotine Company Limited)တို့၏ ချစ်လှစွာသော မွေးသမိခင်ကြီး၊ မောင်ဇေယျမင်းထွဋ်၊ မောင်နန္ဒမင်းခန့်၊ မောင်ဘုန်းသန့်ထူး၊ မဧကရီမင်းခန့် တို့၏ဘွားဘွား ဒေါ်ရင်ရွှင် ( New Star Gems & Jewellery)သည် (၁၆-၃-၂၀၂၄) ရက် တိုင်ပေမြို့ ဒေသစံတော်ချိန် ည ၁၁:၂၀ နာရီတွင် Taipei Veteran General Hospital ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်အေး - ဒေါ်ဝင့်ရည်အေး**

**Chairman, CB Bank**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး၊ လမ်းတံတား၊ သာသနာ့ ဒါယိကာမကြီး**

**ဂုဏ်ထူးဆောင်နာယက (မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း - မန္တလေး)**

**အကြံပေး (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်)**

**ဥက္ကဋ္ဌ (သုဇာတာ ဖောင်ဒေးရှင်း)**

**အာဆီယံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၁၇)**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် B.Sc(Chemistry)**

**New Star Gems & Jewellery**

**အသက် (၆၃) နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးလထော်တူး-ဒေါ်ရန်ဆွေလျှန်)တို့ ၏သမီး၊ မန္တလေးမြို့နေ ဦးလော်ပူး-(ဒေါ်ဆွေရင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရန်အောင်( Vice Chairman, CB Bank၊ ဥက္ကဋ္ဌ-သိဒ္ဓိအောင်ရွှေမိုးကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ-မန္တလေးအောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ-ရန်ကုန်ရင်လုံ ဂေါက်ရိုက်အသင်း၊ ဒုတိယဥက္ကဋ္ဌ- ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း) ၏ ချစ်လှစွာသောဇနီး၊ ကိုမင်းခန့်လွင်(Chairman Grand Sirius Company Limited၊ Deputy General Manager, CB Bank)-မခင်သန္တာရင်၊ ကိုသန့်စိန် (Executive Director, Grand Sirius Company Limited )-မမေဖြိုးဟန် (Dynasty Gems & Jewellery )၊ ကိုစိုးဝင်းထက်အောင် (Co-founder, Pocket Nicotine Company Limited)တို့၏ ချစ်လှစွာသော မွေးသမိခင်ကြီး၊ မောင်ဇေယျမင်းထွဋ်၊ မောင်နန္ဒမင်းခန့်၊ မောင်ဘုန်းသန့်ထူး၊ မဧကရီမင်းခန့် တို့၏ဘွားဘွား ဒေါ်ရင်ရွှင် ( New Star Gems & Jewellery)သည် (၁၆-၃-၂၀၂၄)ရက် တိုင်ပေမြို့ ဒေသစံတော်ချိန် ည ၁၁:၂၀ နာရီတွင် Taipei Veteran General Hospital ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှအထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်လင်း(Executive Vice Chairman & CEO ) - ဒေါ်ခိုင်ရွှေဝါ၊**

**ကိုစီစဉ်ကျော်လင်း၊ ကိုအခရာကျော်လင်း**

**CB Bank**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး၊ လမ်းတံတား၊ သာသနာ့ ဒါယိကာမကြီး**

**ဂုဏ်ထူးဆောင်နာယက (မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း - မန္တလေး)**

**အကြံပေး (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်)**

**ဥက္ကဋ္ဌ (သုဇာတာ ဖောင်ဒေးရှင်း)**

**အာဆီယံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၁၇)**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် B.Sc(Chemistry)**

**New Star Gems & Jewellery**

**အသက် (၆၃) နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးလထော်တူး-ဒေါ်ရန်ဆွေလျှန်)တို့ ၏သမီး၊ မန္တလေးမြို့နေ ဦးလော်ပူး-(ဒေါ်ဆွေရင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရန်အောင်( Vice Chairman, CB Bank၊ ဥက္ကဋ္ဌ - သိဒ္ဓိအောင်ရွှေမိုးကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ - မန္တလေးအောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ-ရန်ကုန်ရင်လုံ ဂေါက်ရိုက်အသင်း၊ ဒုတိယဥက္ကဋ္ဌ- ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း) ၏ ချစ်လှစွာသောဇနီး၊ ကိုမင်းခန့်လွင်(Chairman Grand Sirius Company Limited၊ Deputy General Manager, CB Bank)-မခင်သန္တာရင်၊ ကိုသန့်စိန် (Executive Director, Grand Sirius Company Limited )-မမေဖြိုးဟန် (Dynasty Gems & Jewellery )၊ ကိုစိုးဝင်းထက်အောင် (Co-founder, Pocket Nicotine Company Limited)တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ မောင်ဇေယျမင်းထွဋ်၊ မောင်နန္ဒမင်းခန့်၊ မောင်ဘုန်းသန့်ထူး၊ မဧကရီမင်းခန့် တို့၏ ဘွားဘွားဒေါ်ရင်ရွှင် (New Star Gems & Jewellery)သည် (၁၆-၃-၂၀၂၄) ရက် တိုင်ပေမြို့ ဒေသစံတော်ချိန် ည ၁၁:၂၀ နာရီတွင် Taipei Veteran General Hospital ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်သူရ (Director) - ဒေါ်ခင်လှလှ (Vice Chairman)**

**CB Bank**

**သင့် သွေးဖြင့် အသက် ကယ်ပါ**

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်ချမ်းငြိမ်းလွင် [၁၂/အလန(နိုင်)၀၄၈၁၅၈]၏ပတ်စ်ပို့နံပါတ်(MB-165861) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၀၃၇၃၇၁၁**

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ချစ်ကိုကို [၁၂/တတန(နိုင်)၁၈၇၁၉၄] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၈၈၈၂၈၈**

**ရွှေပြည်သာမြို့နယ် မြေကွက်များ ဝယ်လိုသည်**

**09-5139064**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး၊ လမ်းတံတား၊ သာသနာ့ ဒါယိကာမကြီး**
**ဂုဏ်ထူးဆောင်နာယက (မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း – မန္တလေး)**
**အကြံပေး (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်)**
**ဥက္ကဋ္ဌ (သုဇာတာ ဖောင်ဒေးရှင်း)**
**အာဆီယံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၁၇)**

## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် B.Sc(Chemistry)

## New Star Gems & Jewellery

## အသက်(၆၃)နှစ်

ပြင်ဦးလွင်မြို့ နေ (ဦးလထော်တူး–ဒေါ်ရန်ဆွေလျှန်)တို့၏သမီး၊ မန္တလေးမြို့နေဦးလော်ပူး–(ဒေါ်ဆွေရင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရန်အောင်(Vice Chairman, CB Bank၊ ဥက္ကဋ္ဌ – သိဒ္ဓိအောင်ရွှေမိုး ကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ–မန္တလေးအောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ– ရန်ကုန်ရင်လုံ ဂေါက်ရိုက်အသင်း၊ ဒုတိယဥက္ကဋ္ဌ –ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း)၏ ချစ်လှစွာသောဇနီး၊ ကိုမင်းခန့်လွင်(Chairman Grand Sirius Company Limited၊ Deputy General Manager,CB Bank)–မခင်သန္တာရင်၊ ကိုသန့်စိန်(Executive Director, Grand Sirius Company Limited )–မမေဖြိုးဟန်(Dynasty Gems & Jewellery)၊ ကိုစိုးဝင်းထက်အောင်(Co–founder, Pocket Nicotine Company Limited)တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ မောင်ဇေယျမင်းထွဋ်၊ မောင်နန္ဒမင်းခန့်၊ မောင်ဘုန်းသန့်ထူး၊ မဧကရီမင်းခန့်တို့၏ ဘွားဘွားဒေါ်ရင်ရွှင် (New Star Gems & Jewellery )သည် ၁၆–၃–၂၀၂၄ရက် တိုင်ပေမြို့ ဒေသစံတော်ချိန် ည ၁၁:၂၀ နာရီတွင် Taipei Veteran General Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၃–၂၀၂၄ရက်တွင် တိုင်ပေမြို့၌ သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်းနှင့် အရိုးပြာအိုးကို ၂၈–၃–၂၀၂၄ ရက်တွင် မန္တလေးမြို့နေအိမ်သို့ သယ်ဆောင်ပြီး (၂–၄–၂၀၂၄)ရက်တွင် ပြင်ဦးလွင်မြို့၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း

**သယံဇာတရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

## အသက်(၆၈)နှစ်

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ(ဦးအုန်းကျော်–ဒေါ်မေစိန်)တို့၏သား၊ ဒေါ်မကျော့လှ၏ခင်ပွန်း၊ ဒေါက်တာသန်းထွန်းဦး ဇနီး ဒေါ်ဆွေယုတင်၊ ဦးသန်းထွန်းတူးတို့၏ဖခင်၊ မယုပိုပိုဦး၊ မယုပြည့်ပြည့်မင်းတို့၏ အဘိုး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း(ခ)ဆရာကျားချေ အသက်(၆၈)နှစ်သည် ၂၄–၃–၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် နှလုံးရောဂါဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၆–၃–၂၀၂၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရှုပမြောက်ရပ်ကွက်၊ ငပိန်လမ်း၊ ငပ/၅၂ နေအိမ်မှ စစ်တွေမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသန်းထွန်း

**သယံဇာတရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

## အသက်(၆၈)နှစ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းသည် ၂၄–၃–၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် စစ်တွေ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး၊ လမ်းတံတား၊ သာသနာ့ ဒါယိကာမကြီး**
**ဂုဏ်ထူးဆောင်နာယက (မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း–မန္တလေး)**
**အကြံပေး (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်)**
**ဥက္ကဋ္ဌ (သုဇာတာ ဖောင်ဒေးရှင်း)**
**အာဆီယံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၁၇)**

## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် B.Sc(Chemistry)

## New Star Gems & Jewellery

## အသက်(၆၃)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးလထော်တူး–ဒေါ်ရန်ဆွေလျှန်)တို့၏သမီး၊ မန္တလေးမြို့နေ ဦးလော်ပူး–(ဒေါ်ဆွေရင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရန်အောင်(Vice Chairman, CB Bank၊ ဥက္ကဋ္ဌ – သိဒ္ဓိအောင်ရွှေမိုးကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ–မန္တလေးအောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ–ရန်ကုန်ရင်လုံ ဂေါက်ရိုက်အသင်း၊ ဒုတိယဥက္ကဋ္ဌ–ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း)၏ ချစ်လှစွာသောဇနီး၊ ကိုမင်းခန့်လွင်(Chairman Grand Sirius Company Limited၊ Deputy General Manager,CB Bank)–မခင်သန္တာရင်၊ ကိုသန့်စိန် (Executive Director, Grand Sirius Company Limited )–မမေဖြိုးဟန် (Dynasty Gems & Jewellery )၊ ကိုစိုးဝင်းထက်အောင် (Co–founder, Pocket Nicotine Company Limited)တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ မောင်ဇေယျမင်းထွဋ်၊ မောင်နန္ဒမင်းခန့်၊ မောင်ဘုန်းသန့်ထူး၊ မဧကရီမင်းခန့်တို့၏ ဘွားဘွားဒေါ်ရင်ရွှင် ( New Star Gems & Jewellery)သည် (၁၆–၃–၂၀၂၄)ရက် တိုင်ပေမြို့ ဒေသစံတော်ချိန် ည ၁၁:၂၀ နာရီတွင် Taipei Veteran General Hospital ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**CB Bank**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးအုန်းမြင့်

## အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၄–ရပ်ကွက်၊ သုဝဏ္ဏ၊ ပုလဲလမ်းနေ (ဦးသန်း–ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးဖိုးမင်း–ဒေါ်အေးရှင်)တို့၏သားသမက်၊ ဒေါ်ကျင်သန်း(ခ)ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးထက်ခိုင်ဝင်း–ဒေါ်ဥမ္မာ သန်း၊ ဦးစိုးမိုးထွေး–ဒေါ်မင်းမင်းသန်းတို့၏ မွေးသဖခင် ဦးအုန်းမြင့်သည် (၁၃၈၅ ခုနှစ် တပေါင်းလပြည့်နေ့)၂၄–၃–၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၃:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား (၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်)၂၆–၃–၂၀၂၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဝင်း

## အသက်(၆၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်–119 ပထမထပ်နေ (ဦးဝင်းစံ)–ဒေါ်ရီတို့၏သား၊ (ဦးတင့်ဆွေ–ဒေါ်ရီ)တို့၏သားသမက်၊ (ဦးစိန်ဝင်း–ဒေါ်လှထွေး)၊ ဦးခင်ဝင်း–ဒေါ်ခင်ဝင်းကြည်တို့၏ညီ၊ ဒေါ်နီလာ၊ ဦးအောင်မျိုးမြင့်–(ဒေါ်စန္ဒာ)၊ ဒေါ်စန်းစန်းတို့၏မောင်၊ (ဦးသန်းတင်ဦး)–ဒေါ်သီတာတို့၏အစ်ကို၊ (ဒေါ်သင်းသင်းခိုင်)၏ခင်ပွန်း၊ မမေသူသူကျော်၊ မသိမ့်သီရိ၊ မသင်းသီရိတို့၏ဖခင်သည် ၂၃–၃–၂၀၂၄(စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၅–၃–၂၀၂၄(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှမြင့်(ခ)အောင်အောင်(မြင်စိုင်းသား)

**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်**

## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၅၃)၊ ပြည်သာယာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ကျော့ကျော့အေး၏ ခင်ပွန်း၊ မောင်ဖူးပြည့်အောင်၊ မဟေမာန်အောင်အောင် (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)၏ ဖခင်၊ မောင်သုခစံ၏ အဘိုး ဖြစ်သူ ဦးလှမြင့်(ခ)ဦးအောင်အောင်(မြင်စိုင်းသား) သည် ၂၄–၃–၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်အား ၂၆–၃–၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## “အများသိစေရန် အသိပေးကြေညာချက်”

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရတီ (၁၄) လမ်းနှင့် မြတ်လေးဖြူ (၈) လမ်းထောင့်ရှိ မြေကွက်အမှတ် (ဒ–၃၂၄၈၇) ၏ မြေပိုင်ရှင်မှာ တစ်ဦးဖြစ်ပြီး အဆိုပါ မြေကွက်ပေါ်တွင် ဆောက်ထားသော တစ်ထပ်လုံးချင်း အဆောက်အဦသည် ကျွန်ုပ်၏မိတ်ဆွေ၏ ငွေကြေးဖြင့် ဆောက်လုပ်ထားသော အဆောက်အဦဖြစ်ပြီး ထိုအဆောက်အဦတွင် ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ တပည့်မိသားစုအား နေထိုင်စေလျက်ရှိပါသည်။ အဆိုပါ မြေနှင့် အဆောက်အဦအား ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အပေါင်ထားခြင်း၊ အာမခံထားခြင်းနှင့် အခြားလွှဲပြောင်းခြင်းတို့အား ဆောင်ရွက်လျှင် ကျွန်ုပ်၏မိတ်ဆွေနှင့် မြေရှင်တို့၏ စာဖြင့်ရေးသားထား သော သဘောတူညီချက်ရယူရန် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အသိပေး အကြောင်းကြားချက်ကိုမလိုက်နာဘဲ ဆောင်ရွက်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

**ဦးရန်မျိုးနိုင်၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်အရ**
**အသိပေးကြေညာပါသည်။**
**ဦးခင်မောင်ဝင်း B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၁၂/၀၅)**
**အမှတ် (၂၁)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၉၈၇၂၁၇၅**

---

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၂–၃–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၁)ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်မျိုးအောင်နှင့် ဒေါ်ခင်အေးသန်းတို့၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၂၇၂)၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေ အစား မြေအကျယ်အဝန်း (၄၀x ၆၀)ပေဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

---

MOEE
YESC
လျှပ်စစ်ကြိုးများကို သံဇကာ၊ သွပ်မိုး၊ သံထည်ပစ္စည်း စသည့် လျှပ်ကူးပစ္စည်းများနှင့် ထိတွေ့၊ ချည်နှောင်၊ သွယ်တန်း သုံးစွဲခြင်းမပြုရ။


---

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ

**Crocus City Hall ဂီတဇာတ်ရုံ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူ လေးဦးအပါအဝင် ဆက်နွှယ်သူ ၁၁ ဦးကို ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ဘိုကလေးမြို့နယ်တွင် စစ်မှုထမ်းခြင်း မပြုလိုသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အားလုံးရှိ အသက်ပြည့်မီသည့် လူငယ်များအားလုံး ငွေကျပ် ၅၀၀၀၀ ပေးနေရကြောင်း ကောလာဟလ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၂၄

**တိုက်စစ်မှူး အမ်ဘတ်ပီက ပီအက်စ်ဂျီအသင်းမှ ပြောင်းရွှေ့မည့်အသင်းကို ယူရို ၂၀၂၄ ပြိုင်ပွဲမတိုင်မီ ကြေညာမည်ဟု ထုတ်ဖော်ပြောကြား**

စာမျက်နှာ » ၂၅



## တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများ၊ တပေါင်းပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိ

မန္တလေး မတ် ၂၄

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်ဖြစ်သော တပေါင်းလပြည့်နေ့ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ မဟာမုနိဘုရားကြီးတွင် ကျင်းပသည့် တပေါင်းပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများသည် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ❂

## လူငယ်လက်ရွေးစင် အမျိုးသားအသင်းများ ခြေစမ်းပွဲယှဉ်ပြိုင်ကစား



ယူ-၁၉ အမျိုးသားလူငယ်လက်ရွေးစင်အသင်းနှင့် ရန်ကုန်အသင်းတို့ ခြေစမ်းကစားစဉ်။

ရန်ကုန် မတ် ၂၄

နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာလူငယ်လက်ရွေးစင် အမျိုးသားအသင်းများသည် ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသားလူငယ်လက်ရွေးစင်အသင်းသည် မတ် ၂၃ ရက်က MNL ကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် YUSC ကွင်း၌ ခြေစမ်းကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ဟံသာဝတီအသင်းနှင့် ခြေစမ်းကစားပြီးနောက် ရန်ကုန်အသင်းနှင့် ထပ်မံခြေစမ်းခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဟံသာဝတီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ရန်ကုန်အသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○

## ထူးခြားသည့် နေ့အပူချိန်များ

ရန်ကုန် မတ် ၂၄

| | | |
|---|---|---|
| ညောင်လေးပင် | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက် | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၈ | ဒီဂရီဆဲလ်စီးယပ် |
| ကော့သောင်း | ၃၈ | ဒီဂရီဆဲလ်စီးယပ် |